ဦးကောဝိဒ ဆရာတော်ဘုရား၏

ဒုလ္လဘာကထာဒေသနာ

# နေရင်းဝိပဿနာဟောစဉ်

## ကျင့်စဉ်တရားတော်များ

### အကျဉ်းချုပ်

---

ရတနာသီရိစာပုံနှိပ်တိုက်

၁၀–၉၄၉၊ လမ်း ၃၀၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

၁၀၄၃၃

နေရင်းဦးကောဝိဒ ဆရာတော်ဘုရား၏

ဒုလ္လဘကထာဒေသနာ

# နေရင်းဝိပဿနာဟောစဉ်

## ကျင့်စဉ်တရားတော်များ

## အကျဉ်းချုပ်

မင်္ဂလာဂတိဝိသုဒ္ဓိ အသင်းကြီးမှ

၁၃၂၈-ခု၊ တပို့တွဲလတွင်

ဒုတိယအကြိမ် ပုံနှိပ်သည်

အုပ်ရေ (၃၀၀၀)

ရတနာသီရိ စာပုံနှိပ်တိုက်

၁၀-၉၄၉၊ လမ်း ၃၀၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

၁၇-၈

ဘာသာရေးစာပေခွင့်ပြုချက် အမှတ် (၁၉၈၄)

၁၃၂၄-ခုနှစ်၊ ပဌမ အကြိမ် အုပ်ရေ ၃၀၀၀။
၁၃၂၉-ခုနှစ်၊ ဒုတိယ ။ ။ ၃၀၀၀။


ထုတ်ဝေသူ။ ။နေရင်းဆရာတော် ဦးကောဝိဒ၊ ကင်းလွှတ်ခွင့် (၀၁၁၉) စိန်ရောင်ခြည် ကျောင်းတိုက်။ အမှတ် ဂ၆၊ ဘုရားလမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ။ ။ဦးစိန်လင်း၊ (၀၇၂၀) ရတနာသိဒ္ဓိ ပုံနှိပ်တိုက်။ အမှတ် ၁၀-၉၄၉၊ လမ်း ၃၀၊ တောင်ဥက္ကလာပ။


(ဒုတိယအကြိမ်)

အုပ်ရေ- ၃၀၀၀။

အဘိုး တကျပ်။

၁၃၂၉-ခု၊ တပို့တွဲလ။

၁၀၄၃၃



နေရင်းဆရာတော် အရှင်သူမြတ်၏ပုံ

# နိဒါန်း

နမော လောကနာထဿ သိရိမတော။

အစိန္တေယျ အပ္ပမေယျ အတုလ စက္ခုမာ အရဟံ ဘဂဝါ အစဖြာသော များစွာစုပုံ ကျေးဇူးဂုဏ်အနန္တတို့နှင့် ပြည့်စုံတော်မူသော ရှင်တော်မြတ်ဘုရားသည် ၄၅-ဝါ ကာလကြာအောင် ဟောကြားတော်မူခဲ့သော ဓမ္မက္ခန္ဓာ ဒေသနာပေါင်း ၈၄ဝဝဝ-များမြောင်လှသောတရားတော်တို့သည်ကား ဘုန်းကံအထူး မရှိဘူးသော သူရူး သူနှမ်းပမာ ဉာဏ်ပညာမရှိသော ပုဂ္ဂိုလ်တို့ ကြားနာနိုင်သော တရားများ မဟုတ်ချေ၊ ဘုန်းကံပါရမီရှင် သူတော်စဥ် ကဝိမြတ်တို့မှသာ သိအပ် ခံစားအပ်ကြားနာအပ်သော တရားများဖြစ်ချေသည်၊ လူပြိန်း လူပျင်း လူဖျင်းလူအ လူ့အန္ဓတို့၏တရားမဟုတ်၊ ဘုန်းကံပါရမီ မပြည့်ညီသောသူတို့နှင့်ကား လားလားမှ မထိုက်တန်သော တရားဒေသနာတို့ဖြစ်ပေသည်။

ထိုကဲ့သို့ ပညာရှိသူတော်စဥ် ပါရမီရှင် အပေါင်းသူတော်ကောင်းတို့နှင့်သာ ထိုက်တန်သော ဗုဒ္ဓရှင်တော်မြတ် ဟောကြားအပ်သော နိကာယ် ၅-ရပ် ပါဠိတော်များတွင် အဘိဓမ္မာနှင့် သုတ္တန် ပါဠိတော်ကြီးများမှ အဆီညှစ်၍ အနှစ်သာရ ဓမ္မအစုအပုံတို့ကို ရန်ကုန် စိန်ရောင်ခြည်ကျောင်းတိုက်ကြီး၊ ဘုထုံမြို့ကောဝိဒါရာမ ကျောင်းတိုက်ကြီးတို့ကို တည်ထောင်တော်မူသော သာရသင်္ဂဟ နိဿယ ဂန္ထကာရက ကမ္ဘာလုံးဆိုင်ရာဗုဒ္ဓသာသနာပြု မဟာနာယက၊ ပြည်ထောင်စု မြန်မာနိုင်ငံ

# နိဒါန်း

ဓမ္မကထိက အဖွဲ့ချုပ်ကြီး၏ အကျိုးတော်ဆောင်ချုပ် ဖြစ်တော်မူသော ကျေးဇူးတော်ရှင်နေရင်းဆရာတော်ဘုရားသည် ရန်ကုန်မြို့ ရွှေတိဂုံ အနောက်မုခ် ဗုဒ္ဓဇယန္တိ ဓမ္မာရုံကြီးတွင် တရားနာ ပရိသတ်အပေါင်းတို့အား သီတင်းနေ့တိုင်း မပြတ်အမြဲ တရားပွဲကြီးကို ကျင်းပ၍ ဟောကြားတော်မူခဲ့လေသည်။

နေရင်း ဦးကောဝိဒ ဆရာတော်ဘုရားသည် ဘုရားဟော ပါဠိတော်များအရ ယောဂီ တရားနာ ပရိသာတ်တို့နှင့် သင့်လျော်သော လင်္ကာသီတံပုဒ်ကလေးများကို ရေးသား၍ ရွတ်ဘတ် ဟောပြောတော်မူခဲ့လေသည်။

ထိုသို့ နေရင်းဆရာတော် ရေးသား ဟောပြောတော်မူသော လင်္ကာသီတံပုဒ်ကလေးများသည် ရွတ်ဆိုလွယ်ကူခြင်း၊ အဓိပ္ပါယ်သဘောအလွယ်တကူသိနိုင်ခြင်း၊ ပြေပြစ်ချောမောသော စကားလုံးရှိခြင်း၊ မနုလွန်း မရင့်လွန်းသော လင်္ကာ အသွားတမျိုးဖြစ်ခြင်းစသော ဂုဏ်တို့နှင့် ပြည့်စုံသော မဖြစ်စဖူး အလွန်ထူးသော မကွယ်မပျောက်ထိုက်သော လင်္ကာများဖြစ်ပေသည်။

ဤကဲ့သို့ အလွန်တရာ ကြားရခဲလှစွာသော ပိဋကတ်တော်၏ သာရသေတ္တု အနှစ်စုရတနာ တန်ဘိုး ဖြတ်ယူခြင်းငှါ မစွမ်းနိုင်သော အနဂ္ဃဘဏ္ဍာထုပ်ပမာ သံသရာ ခန္ဓာပြုတ်စေနိုင်သော နေရင်း ဆရာတော်ဘုရား၏ တရားဟော တရားပြ ကဗျာလင်္ကာ အဆီအနှစ်တို့ကို တပြည်လုံး ချစ်ခင်ကြည်ညိုစွာ သုံးယူနိုင်ရန် အတွက် ဒုလ္လဘကထာ ဒေသနာ နေရင်း ဝိပဿနာဟောစဉ် (ပထမတွဲ)အဖြစ်ဖြင့် ကျွန်ုပ်တို့ မင်္ဂလာဂတိ ဝိသုဒ္ဓိအသင်းမှ ဒုတိယအကြိမ် စုပေါင်းရိုက်နှိပ် ဖြန့်ဝေအပ်ပါသတည်း။

ကျေးဇူးတော်ရှင်

# လယ်တီဆရာတော်ဘုရားကြီး၏

## ဩဝါဒ အတိုချုပ်

---

၁။ ခွင့်သာခိုက်ကမှ နှင်မလိုက် ချင်လျှင်၊ အမိုက်နှင့်ပြင် ရှိသေးလေလိမ့်လား။

၂။ ခွင့်သာတုံးကမှ နှင်မရုံးချင်လျှင် အရှုံးနှင့်ပြင် ရှိသေးလေလိမ့်လား။

၃။ ခွင့်သာဆဲမှ နှင်မခဲချင်လျှင် အလွဲနှင့်ပြင် ရှိသေးလေလိမ့်လား။

၄။ ခွင့်သာလျက်နှင့်မှ နှင်မထွက်ချင်လျှင်၊ အခက် နှင့်ပြင် ရှိသေးလေလိမ့်လား။

၅။ တဏှာပူးတဲ့ အရူးတွေရယ်၊ အမူးမပြေ ပင်ပန်းရှာကြလေး။

၆။ တဏှာလိုက်တဲ့ အမိုက်တွေရယ်၊ အဟိုက်မပြေ ပင်ပန်းရှာကြလေး။

၇။ တဏှာဖမ်းတဲ့ အကန်းတွေရယ်၊ အငန်းမပြေ ဟိုက်မောရှာကြလေး။

၈။ အတ္တစွဲတဲ့ အလွဲတွေရယ်၊ ငရဲပြေမှာ နေအုံးရှာတော့လေး။

# နေ့ရင်းဆရာတော်ဘုရား၏

# သတိပေးချက်

---

၁။ ဝိပဿနာကံမြင့်လို့ ဉာဏ်ရင့်တဲ့ သူတွေရယ်၊ (ပရိယတ် ကျေးဇူး ဂုဏ်အထူးကို) ကြည်နူးဆင်ခြင် မြင်အောင် ရှုစမ်းကွယ်။

၂။ (ဒါနကျေးဇူး ဂုဏ်အထူးကို)

၃။ (သီလကျေးဇူး ဂုဏ်အထူးကို)

၄။ (သမထကျေးဇူး ဂုဏ်အထူးကို)

၅။ ပထမ ဆရာကျေးဇူး ဂုဏ်အထူးကို ကြည်နူးဆင်ခြင် ဉာဏ်မှာထင်အောင် အစဉ်ရှုစမ်းကွယ်။

## ဓမ္မဒါန ပြုလိုလျှင်

ဤဒုလ္လဘကထာ ဒေသနာ စာအုပ်များကို ဓမ္မဒါန ပြုလိုပါက အောက်ပါဌာနသို့ အကြောင်းကြားစေလိုပါကြောင်း။

အကျိုးတော်ဆောင်

မင်္ဂလာဂတိဝိသုဒ္ဓိအသင်း

၈၆–ဘုရားလမ်း၊ ရန်ကုန်မြို့။

# ဝါတော်ဝင်လက်ဆောင်

၁။ ဓမ္မစကြာ ဆိုဒါရယ်၊ တရားလှည့်လည် ဟောပြတယ်။ ဆင်းရဲခြင်းရယ်၊ ချမ်းသာခြင်းရယ်၊ ရှင်းရှင်းဟောပြတယ်။ ။ဆင်းရဲကြောင်းရယ်၊ ချမ်းသာကြောင်းရယ်၊ ကောင်းကောင်းခွဲပြတယ်။ ။ကမ္ဘာသင်္ချေအတွင်းဝယ်၊ တခါတလေမှ လင်းတယ်၊ သာသနာဓမ္မ အရင်းဖြစ်ပေတယ်။

၂။ စကြာရတနာ ဆိုတာရယ်၊ လေးကျွန်းလုံးကိုလဲ လွှဲနိုင်တယ်။ ။တရားရတနာဆိုတာရယ်၊ စကြဝဠာအနန္တ လွှဲနိုင်တယ်။ ။စက်လဲမပါတယ်၊ လက်လဲမပါတယ်၊ သက်သာလှပေတယ်။ ။တရားစကြာရယ် အများသက်သာတယ်၊ ဘုရားလက်မှ ဖြစ်ပေတယ်။

၃။ ကာမဂုဏ် အာရုံလိုက်စားခြင်းရယ်၊ ယုတ်ညံ့လှပေတယ်။ ရွာသူတို့၏အကျင့်ဖြစ်တယ်၊ ပုထုဇဉ် အလေ့ရယ်။ ။အရိယာတို့၏ အလေ့အကျင့် မဟုတ်တယ်၊ အကျိုးမဲ့လှတယ်။ ။မဇ္ဈိမသော အယုတ်တရားဟုကွယ်၊ ဗုဒ္ဓဘုရား ပြခဲ့တယ်။

၄။ ဒိဋ္ဌိအကျင့်ဆိုတာရယ်၊ ဆင်းရဲလှပေတယ်။ ။အရိယာတို့၏ အလေ့အကျင့် မဟုတ်တယ်၊ အကျိုးမဲ့လှတယ်။ ဘယ်လိုကျင့်လဲ မမြင့်နိုင်တယ်၊ အဆင့်ဆင့်ယိုင်လိမ့်မယ်။ မဇ္ဈိမအပ်သော အယုတ်တရားဟုကွယ်၊ ဗုဒ္ဓဘုရား ဟောပြတယ်။

၅။ ဒုက္ခသစ္စာဆိုတာရယ်၊ ဆင်းရဲတာ အမှန်ဆိုပေတယ်။ ။ ပဋိသန္ဓေနေရခြင်းရယ်၊ အို-နာ-သေခြင်းရယ်။ ။မချစ်သူတွေနှင့် ပေါင်းရခြင်းရယ်၊ ချစ်သူတွေနှင့် ကွဲရခြင်းရယ်။ ။လိုတာမရ အကျဉ်းမျှရယ်၊ ခန္ဓာငါးပါးရနေခြင်းရယ်။ ။ဆင်းရဲခြင်း အစစ်အမှန်ဖြစ်တယ်၊ မြတ်ဘုရား မိန့်ခဲ့တယ်။

၆။ သမုဒယသစ္စာ ဆိုတာရယ်၊ ဒုက္ခပွားမှု ဆိုလိုတယ်။ ။ ဘဝသစ်ကို ဖြစ်စေတတ်တယ်၊ အချစ်တဏှာရယ်။ ။ နှစ်သက်ခြင်းနှင့် တကွဖြစ်တယ်၊ အာရုံဟူသမျှဝယ်။ ။ အလွန်နှစ်သက် မပြစ်ရက်တယ်၊ တဏှာ ၃-မျိုးရယ်။ ဒုက္ခပွားရန် အကြောင်းမှန်တယ်၊ မကောင်းရန်အစစ်ဖြစ်ပေတယ်။

၇။ နိရောဓသစ္စာဆိုတာရယ်၊ တဏှာချုပ်ခြင်း ဖြစ်ပေတယ်။ စွန့်ပယ်နိုင်တယ် တဖန်မကပ်တယ်၊ ကျွတ်လွတ်ခြင်းလဲဖြစ်ပေတယ်။ ။တောင့်တမှုမရှိခြင်းရယ်၊ ဒုက္ခ၏ ငြိမ်းမှု ဖြစ်ပေတယ်။ ။အရိယသစ္စာ အမှန်တရားရယ်၊ မြတ်ဘုရား ဟောပြတယ်။

၈။ မဂ္ဂသစ္စာ ဆိုတာရယ်၊ ဆင်းရဲငြိမ်းကြောင်း ဖြစ်ပေတယ်။ အမြင်, အကြံ, စကား-အလုပ်တို့ရယ်၊ သက်မွေး, အားထုတ်ခြင်းရယ်။ ။အောက်မေ့နေခြင်း, တည်ကြည်ခြင်းရယ်၊ ကောင်းတာ မှန်တာဖြစ်ရမယ်။ ။နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းမှန်တယ်၊ ရဟန်းအပေါင်းအားညွှန်ပြတယ်။



# ဒုလ္လဘကထာ ဒေသနာ

## ပထမတွဲ

---

### အပါဒါန်ပါဠိတော်လာ-ဘုရားရှိခိုး

(က) နမော တေ သဗ္ဗဒဿာဝီ၊ နမော တေ ကရုဏာကရ။
နမော တေ တိဏ္ဏသံသာရ၊ နမော တေ အမတံ ဒဒ။

၁။ လုံးစုံသိမြင်၊ ဘုရားရှင်၊ ဦးတင်ရှိခိုးသည်။

၂။ ကရုဏာပွား၊ မြတ်ဘုရား၊ ဝပ်တွားရှိခိုးသည်။

၃။ သံသရာကူး၊ ပုဂ္ဂိုလ်ထူး၊ ရှိဦးတင်ပါသည်။

၄။ နိဗ္ဗာန်ပေးတတ်၊ ဘုရားမြတ်၊ ချဉ်းကပ်ရှိခိုးသည်။

(ခ) အဒဿနေန ဝိဃာတဂါ၊ တာဒိသာနံ မဟေသိနံ။
အနုဘောန္တိ မဟာဒုက္ခံ၊ သတ္တာ သံသာရ သာဂရေ။

၁။ မြတ်စွာဘုရားကို မဖူးတွေ့ရလို့ သံသရာမှာ ကြာတယ်။

၂။ အမြတ်တရားကို အထူး မရတာကြောင့် သံသရာမှာ ကြာတယ်။

၃။ အမြတ်သံဃာတွေ မဆည်းကပ်ရတာကြောင့် သံသရာ မှာ ကြာတယ်။

၄။ သံသရာကြာတော့ ဒုက္ခများတယ်။

၅။ သံသရာကြာတော့ ငရဲ အပါယ် လယ်ရတယ်။

## ဂုဏ်တော်ဘွဲ့

၁။ မြတ်ဘုရားဆိုတာရယ် ဖူးရမှမြတ်တယ်။ မဖူးရလျှင် ဦးမချလျှင် အထူးပ ဆင်းရဲမယ်။ ဖူးမြင်မှသာ ဦးအစဉ် ချမှာ အထူးပင် ချမ်းသာမယ်။

၂။ တရားတော်ဆိုတာရယ် ကြားနာရမှ မြတ်တယ်။ မကြားရလျှင် တရားမရချင် အများပ ဆင်းရဲမယ်။ ကြားရမှသာ တရားဓမ္မအရသာ အများပင်ချမ်းသာ မယ်။

၃။ သံဃာတော်ဆိုတာရယ် ချဉ်းကပ်မှ မြတ်တယ်။ မချဉ်း ကပ်လျှင် သီတင်းပတ်တွင် စာရင်းအမှတ်နည်းလိမ့်မယ်။ ဆည်းကပ်မှသာ နည်းအမြတ်ရမှာ အပြီးသတ်အေး ချမ်းမယ်။

## သာသနာဆိုတာ ထိုက်မှ အကျိုးရပုံ

၁။ သာသာနာဆိုတာ ကိုယ်နှင့်ဆိုင်လို့ တွေ့တာ၊ ပိုင်အောင် လုပ်မှ နိဗ္ဗာန်ကို ရမှာ။ နိဗ္ဗာန်ရမှ ဒုက္ခခပ်သိမ်း ချုပ် ငြိမ်းလွှင့်ပျောက်ကွာ။

၂။ မြတ်ဘုရားဆိုတာ ကိုယ်နှင့် ထိုက်လို့ ဖူးခွင့်ရတာ။
အဖူးတတ်မှ အထူး အမြတ်ရမှာ။ အမြတ်ရမှ ဘဝဆက်
ခါ နတ်ရွာ နိဗ္ဗာန်မှာ။

၃။ တရားတော်ဆိုတာ ကိုယ်နှင့်ထိုက်လို့ ကြားနာရတာ။
ကြားနာတတ်မှ ကျက်မှတ် ကျင့်ကြံမှာ။ ကျင့်ကြံတတ်မှ
မဂ္ဂဖလ အေးမြလွန်ချမ်းသာ။

၄။ သံဃာတော်ဆိုတာ ကိုယ်နှင့် ထိုက်လို့ ဖူးမြင်ရတာ။
ဖူးမြင်တတ်မှ အထူးအစဉ်မြတ်မှာ။ အမြင်မြတ်မှ အစဉ်
မပြတ် ဝဋ္ဋဇာတ် အေးငြိမ်းမှာ။

## နေရှင်းဆရာတော်ဘုရား၏
## တရားဟောအစနိဒါန်းကထာ, အာသီသမေတ္တာ
## ဆုတောင်းဂါထာ

ပဇာ သဗ္ဗာ သုခါယန္တု၊ ပိယာ ယန္တု ပမောဒိတာ။
ဝဿန္တု သိရိယော လောကေ၊ ခေမေန္တု အာဝမင်္ဂလေ။

သဗ္ဗာ၊ ယနေ့ရောက်လာ များစွာဥဿုံ အလုံးစုံကုန်သော။
ပဇာ၊ အနမတဂ္ဂသုတ္တန်အလာ ဆွေညာတကာ ဖြစ်ကြကုန်သော
သင်သူတော်ကောင်းအပေါင်းတို့သည်။ သုခါယန္တု၊ ဘေးအတန်
တန် ရန်အသွယ်သွယ် အန္တရာယ်ခပ်သိမ်း ကင်းငြိမ်းလွင့်စင် လို
အင်ပြည့်ဝ အချမ်းသာကြီး ချမ်းသာကြပါစေကုန်သတည်း။

၁။ ကောင်းသော နက္ခတ် ကောင်းသော လာဘ်နှင့် ပြည့်စုံကြပါစေ။

၂။ ကောင်းသောမင်္ဂလာ ကောင်းသောအခါနှင့် ပြည့်စုံကြပါစေ။

ပမောဒိတာ၊ စိတ်ရွှင်ကိုယ်ရွှင် ကြည်လင်ပျော်ပိုက် နှစ်ချိုက်ကြည်နူး အထူး ဝမ်းမြောက်ကြကုန်သည်ဖြစ်၍။ ပိယာယန္တု၊ ချစ်ခင်မြတ်နိုး ချစ်ကြိုးသွယ်တန်း ချစ်ပန်းပွင့်ခါ ချစ်ခင်ကြပါစေကုန်သတည်း။

၃။ ကောင်းသောခဏ မုဟုတ္တနှင့် ပြည့်စုံကြပါစေ။

၄။ ကောင်းသောလုံ့လ ဝီရိယနှင့်ပြည့်စုံကြပါစေ။

လောကေ၊ ကမ္ဘာ တခွင် ဝန်းကျင် တဝိုက် စကြာဝဠာတသောင်းတိုက်၌။ သိရိယော၊ ကောင်းကျိုးချမ်းသာ မင်္ဂလာ အထွေထွေ ကြက်သရေအမျိုးမျိုး ဂုဏ္ဍာရုံဘုန်းတန်ခိုးတို့သည်။ ဝဍ္ဎန္တု၊ လဆန်းပက္ခ တူမျှမသွေ တိုးကြ တက်ကြပါစေကုန်သတည်း။

၅။ ကြက်သရေမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံကြပါစေ။

၆။ ကောင်းသော ကာယကံ, ဝစီကံ, မနောကံနှင့် ပြည့်စုံကြပါစေ။

အဝမင်္ဂလေ၊ အနိဋ္ဌာရုံ လုံးစုံ များတောင်း အမင်္ဂလာအပေါင်းတို့ကို။ ခမေန္တု၊ လေပြင်းတိုက်ဝှေ့ တိမ်တိုက်ရွေ့သို့ နေ့တိုင်းရက်ဆင့် ပျောက်ကုန်လွှင့်အောင် မှုတ်လွှင့်နိုင်ကြပါစေကုန်သတည်း။

၇။ ကောင်းသောသီလ စာရိတ္တနှင့် ပြည့်စုံကြပါစေ။

၈။ ကောင်းသော ဝိပဿနာ ဘာဝနာနှင့် ပြည့်စုံကြပါစေ။

ဓမ္မေန္တု၊ သေနတ်မကိုင် ဒါးမကိုင်ပဲ တရားပိုင် ဘုရားမင်း၏ တရားရှင်း မေတ္တာလက်နက်ကို ကိုင်လျက် အနှစ်တရာဆက်ခါ သာသနာတည်ရေးတို့ကို အခါခါ အညီအားပေးကျလို့ရှိလျှင်ဖြင့် သြော်-ဤကမ္ဘာကြီးမှာ အေးချမ်း သာယာတော့မှာပါ တကား။

## သံဝေဂယူဘွယ် ဥဒါန်း

ဘဝများစွာ သံသရာဝယ် ဘုရားနှင့်လွဲခဲ့တယ်၊ တရားနှင့် လွဲခဲ့တယ်၊ သံဃာနှင့်လွဲခဲ့တယ်၊ အပါယ်ငရဲကြာခဲ့တယ်။

ဗုဒ္ဓမြတ်စွာ သာသနာဝယ် လူဖြစ်ချိန်ခါမယ်၊ အပါယ်ငရဲက ကင်းအောင်ရယ် တရားကိုနာရမယ်။

ဘဝများစွာ သံသရာဝယ် မယားနှင့် ပျော်ခဲ့တယ်၊ သားနှင့် ပျော်ခဲ့တယ်၊ လင်နှင့် ပျော်ခဲ့တယ်၊ သခင်နှင့် ပျော်ခဲ့တယ်၊ ရွှေငွေနှင့်ပျော်ခဲ့တယ်၊ အဖေအမေနှင့်ပျော်ခဲ့တယ်၊ အိမ်ယာနှင့် ပျော်ခဲ့တယ်၊ အရှိန်အဝါနှင့် ပျော်ခဲ့တယ်၊ လောဘနှင့် ပျော်ခဲ့တယ်၊ ဒေါသနှင့်ပျော်ခဲ့တယ်၊ မောဟနှင့်ပျော်ခဲ့တယ်၊ မိုက်လဲမိုက်ခဲ့တယ်။

ဗုဒ္ဓမြတ်စွာ သာသနာဝယ် တရားသဘောနှင့် ပျော်ရမယ်၊ ဘုရားဘောနှင့်ပျော်ရမယ်၊ ငါ-သူ ကင်းရမယ်။

သီလနှင့်ပျော်ရမယ်၊ သမာဓိနှင့်ပျော်ရမယ်၊ ပညာနှင့်ပျော်ရမယ်၊ နိဗ္ဗာန်နိုးလိမ့်မယ်။

လောကီအာရုံဆိုတာရယ် ဘဝတိုင်းရခဲ့တယ်၊ ခဏတိုင်းရခဲ့တယ်၊ လွယ်လဲလွယ်လှတယ်။

သာသနာ့အာရုံဆိုတာရယ် ကမ္ဘာသင်္ချေကြာသော်လဲကွယ်ရဘို့ခဲယဉ်းတယ်၊ ရနေသောအခါဝယ် လင်မယား သား သမီး အသွယ်သွယ် ပစ္စည်းအာရုံရယ် ကြောင့်ကြ ကင်း၍ပယ် တရားကျင့်ရမယ်။

## အလကားမပျော်နှင့်–တရားနှင့်ပျော်

ဗုဒ္ဓမြတ်စွာသာသနာဝယ် လူဖြစ်လာချိန်မယ်၊ ကျောင်းကန်ဘုရားသွားကြလို့ရယ် တရားနှင့်ပျော်ရမယ်။

တရားသဘောဆိုတာရယ် ဘုရားဟောဆိုတာရယ်၊ ကမ္ဘာသင်္ချေကြာသော်လဲကွယ် ကြားဘို့ခဲယဉ်းတယ်။

တလ ၄–ခါ ကြားနာတာရယ် ဗုဒ္ဓသာသနာဝယ်၊ အသေအချာ စဉ်းစားလို့ရယ် နည်းပါးလှပေတယ်။

တရားကိုနာသူရယ် တရားကိုကျင့်သူရယ်၊ သေခါနီးအချိန်ဝယ် အကျိုးကြီးလှတယ်။

သတ္တဝါတို့နားမှာဝယ် နေ့စဉ်နေ့တိုင်းကြားရတယ်၊ ခွေးဝက်တိရစ္ဆာန်အသံတို့ရယ် အကြားများလှတယ်။

တိရစ္ဆာနကထာရယ် ကြားရသောကြောင့်ကွယ်၊ ဘဝသံသရာဝယ် ငရဲ တိရစ္ဆာန်အသွယ်သွယ် ဖြစ်ရပေတော့မယ်။

ထို့ကြောင့် သာသနာဝယ် လူဖြစ်ချိန်ခါမယ်၊ရွှေနားစိန်နား ကြက်သရေပွားအောင် တရားကိုနာရမယ်။

## ဓမ္မကထန္တာ တရားတော်ကို ဘုရားပြခါပင့်ပုံ

၁။ လူနတ်ပြဟ္မာအဖြာဖြာဝယ်၊ တူစရာရှာမရတယ်။
တဆူတည်းသောမြတ်ဘုရားရယ်၊ ထားတော်မူခဲ့တယ်။
အကိုးဖြတ်၍မရနိုင်တယ်၊ ဓမ္မအမွေတော်ရယ်။
နာခံဟောကြားပွားများကြတယ်၊ ယနေ့ကျချိန်ဝယ်။
ဝေနေယျတို့နှလုံးအိမ်ဝယ်၊ နံ့သာရွှေကျောင်းသဖွယ်။
ကိန်းအောင်းစမ္ပါယ်သီတင်းသုံးတယ်၊စေတီတည်ရတယ်
ဘဝများစွာသံသရာဝယ်၊ တခါမှမဖြစ်ခဲ့တယ်။
သာသနာတော်နှင့်ကြုံလို့ရယ်၊ အရတော်လှတယ်။
လူဖြစ်ကျိုးနပ်ဘိုးမဖြတ်နိုင်တယ်၊ အအောင်ကြီးအောင် ရတယ်။
ဇိတံမေ့ ဇိတံမေ၊ အောင်ပြီ၊ အောင်ပြီ၊ (၃-ကြိမ်)

## နေရင်းဆရာတော်ဘုရား၏ တရားအဆုံးနိဂုံးပိုင်းတွင် ဟောကြားလေ့ရှိသော ဥယျောဇနလင်္ကာများ

၁။ ဒို့ကံအကြောင်း ကောင်းလှပါတယ်၊
လက်ဖျင်တီး၍ အံ့ချီးစဖွယ်၊
အထက်တန်းနှင့် မင်္ဂလမ်းသွယ်သွယ်၊
တကယ်တွေ့ ဘယ်မေ့နိုင်စဖွယ်။

၂။ ဘ ဘုရားရဲ့ ထားတဲ့ ကရုဏာရယ်၊
ရာဟုလာသား မခြားပေတယ်၊
စိန်ရွှေအများ ထားခဲ့သလိုကွယ်၊
အမွေများ အဘေဘုရားထားခဲ့တယ်။
၃။ သတိပဋ္ဌာန်နှင့် သမ္မပ္ပဓာန်ရယ်၊
ဣဒ္ဓိပါဒ ဓမ္မ သွယ်သွယ်၊
ဣန္ဒြေနှင့် ဗိုလ်တွေပါတယ်၊
ဗောဇ္ဈင်နှင့် မဂ္ဂင် ခေါ်ပေတယ်။
၄။ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းမှန်တယ်၊
အပါယ်တံခါး တကယ်အား ပိတ်တယ်၊
ဆင်းရဲဟူသမျှ မြူမျှမလာတယ်၊
ဗောဓိပက္ခိယ ဓမ္မ အမွေတော်ရယ်။
၅။ ဘဝတိုင်းဘဝ မရနိုင်တယ်၊
နှိုင်းမရ တုမရ မြတ်လှပေတယ်၊
အသားအနှစ် ဘုရားလဲဖြစ်နိုင်တယ်၊
အဲဒါမှ ဓမ္မအမွေတော်ရယ်။
၆။ လက်ဖြစ်တတွက် ပွားရတဲ့ဘာဝနာရယ်၊
မြတ်ဗုဒ္ဓသာသနာပြု သာဓုခေါ်လောက်တယ်၊
မြတ်ဗုဒ္ဓဩဝါဒ သဘောမှ လိုက်နာသူဖြစ်တယ်၊
အဲဒါမှ ဓမ္မအမွေခံကွယ်။
၇။ နွားနို့တညှစ် အချိန်ကလေးရယ်၊
ပွားရတဲ့မေတ္တာရယ်။
တနေ့ ၃-ကြိမ် အလှူတော်ကြီးရယ်၊
ဇမ္ဗူကျော်ဟိုး ပေးလှူတယ်။

မီးတိုင်တရာ ထွန်းလင်းရာအရပ်ဝယ်၊
ရတနာ ၇-ပါး ကြဲထားတယ်။
ပြောမကုန်နိုင် အလှူတော်ကြီးရယ်၊
လှူရခြင်းထက်ကွယ်။
တကျောင်းတရွာ စကြာဝဠာပိုင်းလို့ရယ်၊
အနန္တ သတ္တဝါတွေဝယ်၊
မေတ္တာပွားရခြင်းက အကျိုးကြီးတယ်၊
နှိုင်းဘွယ်ရှာမရတယ်။

၈။ လေးသင်္ချေနှင့် တသိန်းကမ္ဘာရယ်၊
ပါရမီစားစား ဖြည့်ခြားလာတယ်။
မြတ်ဘုရားနှင့် တရားသံဃာရယ်၊
တကယ်တွေ့ ဘယ်မနေ့နိုင်စဖွယ်၊

၉။ ကြုံခဲကြုံရ ဒုလ္လဘမှန်တယ်၊
ပစ္စည်းလေးဝ လှူရပေတယ်။
ဝိသာခါနှင့် အနာထပိဏ်သဖွယ်၊
သတင်းကြီး ရင်းနှီးရပေတယ်။

၁၀။ ဆရာမိဘ အမှီရ၍ကွယ်၊
ယခုပြုရ ကုသလ သွယ်သွယ်။
စကြာမန္တာတ် ပြုလတ်ခလွယ်။
အရကောင်း ခဏလဲကောင်းပေတယ်။

၁၁။ သိန်းသန်းကုဋေ ဂဏန်းတွေကုန်အောင်ကွယ်၊
ဘယ်လိုတွက်စစ် မဖြစ်နိုင်တယ်။
ရတနာ ၃-ရပ် မြင့်မြတ်တဲ့ ကုသိုလ်ရယ်၊

တကယ်ရှိ မယ်သိပါတော့ကွယ်။
အခေါင်ထိ မောင်သိပါတော့ကွယ်။
၁။ ကကုသံ, ကောဏာဂမန, ကဿပ, သုံးဆူရယ်၊
မဂ္ဂင်ခေါ် ဖေါင်တော်ကြီး ဖွဲ့ပြီး ထွက်သွားတယ်၊
ဇမ္ဗူထွဋ္ဌမြတ် ဘဒ္ဒကပ်မှဝယ်၊
နိဗ္ဗာန်မြို့ ဆောင်ပို့သွားခဲ့တယ်။
၂။ ထွက်ပါသော်လဲ ရှောင်လွှဲနေသူရယ်၊
အို-နာသေဘေး ပူရေးပွေခဲ့တယ်၊
တဏှာကာမ မခွာကြ၍ကွယ်၊
တကယ်ဖြစ် အပါယ်နစ်ကျန်ခဲ့တယ်။
၃။ ဂေါတမဘုရား ပွင့်ငြားဇမ္ဗူဝယ်၊
ဥသြမှုတ်၍ ခေါ်ထုတ်ယူပြန်တယ်၊
ဗိုလ်ခြေအများ ပါသွားကြပြန်တယ်၊
နိဗ္ဗာန်မြို့ ဆောင်ပို့ထွက်ပြန်တယ်။
၄။ ထွက်ပါသော်လဲ နောက်တွဲကျန်သူရယ်၊
ဘာဝနာစွဲ အမြဲနေရမယ်၊
မြတ်ဘုရားနှင့် တွေ့ငြားနေသလိုကွယ်၊
နိဗ္ဗာန်သို့ သူတို့ရောက်နိုင်တယ်။
၅။ ဘုရားတဆူ ကျန်တော်မူပြန်တယ်၊
မိတေ္တမြတ်စော ဗုဒ္ဓေါ်မြတ်ကွယ်၊
မဂ္ဂင်ဖောင်ကြီး မစီးကြရင်ကွယ်၊
တကယ်တန်း အပါယ်စခမ်းနေဦးမယ်။
၆။ ထို့ကြောင့်သာပ ဗုဒ္ဓမိန့်တယ်၊
ဘာဝနာတရား အခါခါ ပွားရမယ်၊

သာသနာ့အမှန်အစစ် ကျန်ရစ်နေတယ်၊
နိဗ္ဗာန်သို့ ငါတို့ ရောက်နိုင်တယ်။

## အကျိုးကြီးဆုံး ကုသိုလ်များနှင့် အကျိုးရပုံ

(မဟာဝဂ္ဂ သံယုတ်ပါဠိတော်)

ဘုရားကိုယုံတဲ့ကုသိုလ်ရယ်၊ အကျိုးကြီးလှတယ်။
တရားကိုယုံတဲ့ကုသိုလ်ရယ်၊ အကျိုးကြီးလှတယ်။
သံဃာကိုယုံတဲ့ကုသိုလ်ရယ်၊ အကျိုးကြီးလှတယ်။
သီလမြဲတဲ့ကုသိုလ်ရယ်၊ အကျိုးကြီးလှတယ်။
သမုဒ္ဒရာရေပြင် ကြီးကျယ်လှသလို ကြီးကျယ်လှပေတယ်။
ဘဝတိုင်းပြုသမျှ ကုသလကို ခုမှသာတော့တယ်။
လိုသမျှအကျိုး လွန်ပွားတိုးတယ်၊ တန်ခိုးကြီးလိမ့်မယ်။
ဖောက်လွဲ ဖောက်ပြန် အပါယ်ဘေးမှ တကယ် အေး
တော့မယ်။
စကြာမင်းဆိုတာရယ် သေရင် နတ်ပြည်မယ်။
ငရဲတိရစ္ဆာန်,ပြိတ္တာဘေးမှ မုချမအေးတယ်။
ဘုရား,တရား,သံဃာ မယုံတတ်တော့ ဘုံဇာတ်လည်လိမ့်မယ်။
အရိယာဆိုတာရယ်၊ မြတ်စွာဘုရားတပည့်ကွယ်။
စကြာမင်းထက် မုချမြတ်တယ်၊ ဒုက္ခပြတ်စေတယ်။
အင်္ဂါလေးသွယ် တကယ် လင်းတော့၊ အပါယ်တွင်းက
လွတ်စေတယ်။
အရိယာဆိုတာရယ်၊ ဘုရားဂုဏ်မြဲကြတယ်။
တရားဂုဏ် မြဲတယ်၊ သံဃာ့ဂုဏ် မြဲတယ်၊ သီလ မြဲကြတယ်။
အင်္ဂါ ၄-သွယ် အစဉ်အလာအေးတယ်။

မြတ်ဘုရားပေးခဲ့တယ်။
ဗုဒ္ဓဂုဏ်တော်ဝယ်၊ မြဲစွာယုံသူရယ်။
ဓမ္မဂုဏ်တော်ဝယ်၊ မြဲစွာယုံသူငယ်။
သံဃာ့ဂုဏ်တော်ဝယ်၊ မြဲစွာယုံသူရယ်။
ငရဲ့တိရစ္ဆာန့်အသွယ်သွယ်၊ ပြိတ္တာ့အသူရကာယ်၊ မျိုးပြတ်
လေတော့တယ်။
ဗုဒ္ဓဂုဏ်တော်ဝယ်၊ မြဲစွာယုံသူရယ်။
ဓမ္မဂုဏ်တော်ဝယ်၊ မြဲစွာယုံသူရယ်။
သံဃာ့ဂုဏ်တော်ဝယ်၊ မြဲစွာယုံသူရယ်။
လူ့နတ့်ပြဟ္မာ အသွယ်သွယ်၊ ကောင်းတဲ့နေရာမယ်။
မြတ်တဲ့နေရာမယ်၊ မြဲ၍နေတော့တယ်။

## ကျေးရွာရှင် ဆင်တဲဆရာတော်ဘုရားကြီး၏
## ဥဒါန်းကျူးရန် ကဗျာ

၁။ ငါသည်မသေ၊ နေရပေ၍၊ စိန္တေထွင့်ထား၊ မြတ်ဘုရား
နှင့်၊ တရားသံဃာ၊ ရတနာကို၊ မကွာနေ့ည၊ ဆည်းကပ်
ပါရ၊ ဤဘဝကား၊ လူဖြစ်ကျိုးနပ်၊ ဘိုးမပြတ်အောင်၊
မြတ်လှပေစွ–မြတ်ပေစွ။

၂။ ဒါနပေးလှူ၊ စင်ဖြူသီလ၊ ပွားထဘာဝနာ၊ ဤသုံးဖြာ
သာ၊ ငါ့ဟာအဟုတ်၊ ငါ့အလုပ်ဟု၊ မယုတ်စေရ၊
ဥဿာဟဖြင့်၊ ဓမ္မရှာဖွေ၊ နေရပေသည်၊ မသေကျိုးနပ်၊
ဘိုးမပြတ်အောင်၊ မြတ်လှပေစွ–မြတ်ပေစွ။

## နေရှင်းမေတ္တာ ဝေဝေဖြာ

၁။ မိုးလေဝသ၊ ညီမျှပါစေ။
ဆန်ရေစပါး ပေါများပါစေ။
ပြည်တော်သာကြောင်း မင်းကောင်းတည်စေ။
အသရေလင်း နေရှင်းမေတ္တာဝေ။
အောင်ပါစေ ချမ်းသာအေးကြစေ။
ဒို့ယခု တောင်းဆုပြည့်ပါစေ။

၂။ ဒါနသီလ ညီမျှပါစေ။
ဆန်ရေစပါး ပေါများပါစေ။
(အထက် နံပါတ် ၁-ကဗျာအတိုင်း ဆက်ဖို့ပါ)

၃။ ရုပ်နာမ် ဓာတ်သဘာဝ အနတ္တမြင်စေ။
ဒိဋ္ဌိဘေးဘျမ်း အေးချမ်းကြစေ။
ဆန်ရေစပါး ပေါများပါစေ။
(အထက် နံပါတ် ၁-ကဗျာအတိုင်း ဆက်ဖို့ပါ)

၄။ သတ္တဝါမှန်သမျှ အနန္တဝေနေ။
စိတ်လန်းကိုယ်လန်း အေးချမ်းပါစေ။
ဘေးဘယ အဝေးကြွ အေးမြပါစေ။
အသရေလင်း နေရှင်းမေတ္တာဝေ။
အမြင်မှန်စေ ကြံတိုင်းအောင်ပါစေ။
ဒို့ယခု တောင်းဆုပြည့်ပါစေ။

၅။ လူနတ်မှန်သမျှ အနန္တဝေနေ။
စိတ်လန်းကိုယ်လန်း အေးချမ်းပါစေ။
(နံပါတ် ၄-ကဗျာအတိုင်း ဆက်ဖို့ပါ)

၆။ ရန်သူမှန်သမျှ အနန္တထွေထွေ။
(နံပါတ် ၄-အတိုင်း ဆက်ဝို့ပါ)

၇။ သံဃာတော်မှန်သမျှ အနန္တထွေထွေ။
(နံပါတ် ၄-အတိုင်းဆက်ဝို့ပါ)

## သာသနာ ထွန်းလင်းနေပုံ

ဗုဒ္ဓ သုဗုဒ္ဓတာ လောကေ၊
ဓမ္မဿစ သုဓမ္မတာ။
သာဝကာနဉ္စ သမ္ပတ္တိ၊
သော သာသနသမ္ပဒါ။

၁။ ဘုရားစစ် ဘုရားမှန် ဂုဏ်တော်မှန်ရယ်၊ ကေန်ထွန်းလင်း နေပေတယ်။ ။တရားစစ် တရားမှန် ဂုဏ်တော်မှန်ရယ် ကေန်ထွန်းလင်းနေပေတယ်။ ။သံဃာစစ် သံဃာမှန် ဂုဏ်တော်မှန်ရယ် ကေန် ထွန်းလင်း နေပေတယ်။ ။ အမှန်သုံးချက် ထွန်းလျက် နေလျှင်ကွယ်၊ သာသနာ ထွန်းလင်းခြင်းဖြစ်ပေတယ်။

## ဘုရားအဆူဆူတို့၏ ဩဝါဒ

သဗ္ဗပါပဿ အကရဏံ၊
ကုသလဿ ဥပသမ္ပဒါ။
သစိတ္တ ပရိယောဒါပနံ၊
ဧတံ ဗုဒ္ဓါ နုသာသနံ။ ။

၁။ အကုသိုလ်ဖြစ်သမျှ အမြစ်ကပယ်တယ်။
ကုသိုလ်ရှိသမျှ ပြည့်ဝရမယ်။

ကိုယ့်စိတ်ကို ထုံးပြ၍ ဆုံးမရမယ်။
ဤသည်ကား မြတ်ဘုရားဆုံးမတယ်။

## တရားအစ ဥယျောဇန ကဗျာများ

၁။ သာသနာတွင်း အောင်ခြင်းအသွယ်သွယ်၊
ကုသိုလ်ပြုမှ မုချရမယ်၊
အကုသိုလ်များ ပယ်ရှားရမယ်၊
အခေါင်ခြင်း အောင်ခြင်း အောင်ရမယ်။

၂။ သာသနာ့စည်ကြီး ရိုက်တီးနေတယ်၊
အသံအမျိုးမျိုးထက် တန်ခိုးထက်သာတယ်၊
လောဘ ဒေါသ မောဟ ကွာတယ်၊
အသံကြား အပါယ်တံခါး ပိတ်နိုင်တယ်။

၃။ သာသနာ အလင်းဓာတ် ဝင်းလတ်နေတယ်၊
ပါရမီ ထူးသင့် ဖူးပွင့်နိုင်တယ်၊
သားစစ် သမီးစစ် အပြီးဖြစ်နိုင်တယ်၊
အမွေခံစစ် ကေန်ဖြစ်ရမယ်။

၄။ ဗုဒ္ဓမြတ်စွာဆိုတာရယ် လေးသင်္ချေကမ္ဘာတသိန်းဝယ်
တဆဲ့တကမ္ဘာသာ ပွင့်ထွန်းလာတယ်အလွန်ဘဲနဲလှတယ်။
၂၄–ပါး မြတ်ဘုရားတို့ရယ် ပွင့်ထွန်းလာခဲ့တယ်။
လက်ဖြစ်တတွက်လျှပ်တပျက်ဥပမာရယ်၊ တူလဲတူလှတယ်
တွေ့ကြုံဘို့ရန် ခဲယင်းလှတယ်၊ ဒုလ္လဘဖြစ်ပေတယ်။

၅။ သာသနာ့ဗိမာန် ကျောင်းကန်ဘုရား နေရာများဝယ်၊
သိတင်းတိုင်းလာရမယ်။

ခြေလှမ်းတိုင်းဝယ်၊ ခြေလှမ်းတိုင်းဝယ်၊
ရွှေတသန်းမက တန်လှတယ်။

ဆင်မြင်း ရထား ကညာများရယ်၊ တသိန်းစီလှူကြတယ်။
တရားနာလာတဲ့ခြေတလှမ်းကုသိုလ်ရယ်၊
ယှဉ်လို့မရနိုင်တယ်။

ဗုဒ္ဓအာရုံ (ဓမ္မ, သံဃာ့ အာရုံ) အထုံကောင်းကိုရယ်၊
ဂုဏ်ပေါင်းသာလို့ဖြစ်ပေတယ်။

## သရဏဂုံ အကျိုးတရား

(အပါဒါန်ပါဠိတော်လာ)

ရတနာသုံးပါး ဆည်းကပ်သူရယ်၊ အကျိုးကြီးလှတယ်။
အရပ်တိုင်း ပူဇော်တယ်၊ ထက်သေသေညာရယ်၊
နတ်များစောင့်ကြတယ်။

နိူင်းမရတဲ့ စည်းစိမ်ရယ်။ ရွှေအဆင်းရယ်၊ လူတိုင်း
နှစ်သက်တယ်။

မိတ်လဲ မပျက်နိုင်တယ်၊ အခြံအရံလဲ မပျက်နိုင်တယ်၊
ရှစ်ပါးရှိပေတယ်။

သံသရာတွင် ကျင်လည်သမျှဝယ်၊ သိကြားမင်း ၆၀–
ဖြစ်ခဲ့တယ်။

စကြာမင်းဆိုဒါ ၇၆–ရယ်၊ အလွန်ပဲမောက်ခဲ့တယ်။
ကပ္ပါတသိန်း အပါယ်မကပ်တယ်၊ တကယ်မြတ်လှတယ်။
သရဏဂုံအကျိုးဘရားရယ်၊ တန်ခိုးပွားလှတယ်။

## ရတနာ ၃-ပါးကိုးကွယ်ခြင်းအကျိုးကြီးလှပုံ

မြတ်စွာဘုရားကို ကိုးကွယ်သူရယ်၊ လက်ငင်းအကျိုးရ နိုင်တယ်။

တရားတော်ကို ကိုးကွယ်သူရယ်၊ လက်ငင်း အကျိုးရ နိုင်တယ်။

သံဃာတော်ကို ကိုးကွယ်သူရယ်၊ လက်ငင်း အကျိုးရ နိုင်တယ်။

သမုဒ္ဒရာလှေပျက်သောအခါဝယ်၊သေဘက်ရောံနိုင်တယ် သို့ပါသော်လဲ ရတနာ ၃-ပါးဂုဏ်ရည်ရယ်၊ အဖန်ဖန် နှလုံးထားခါ ယုံကြည်တယ်။

သမုဒ္ဒရာစောင့် နတ်သားတယောက်ရယ်၊ မပြတ်အား ရောက်လာတယ်။

ရတနာသင်္ဘော ဖန်ဆင်း၍ကွယ်၊ အမှန်ချက်ခြင်း ကယ် တင်တယ်။

ရတနာသုံးပါး တန်ခိုးဂုဏ်ကြောင့်ရယ်၊ အကျိုးမကုန် အောင် ရပေတယ်။

## နေရင်းဆရာတော်ဘုရား၏ တရားအဆုံး နိဂုံးချုပ်ရာ တရားသိမ်းဂါထာ

ဓမ္မမေဃေန ဝဿန္တေ၊ သဗ္ဗေ ဟောန္တု အနာသဝါ။
ယတ္ထ ပစ္စိမကာ သတ္တာ၊ သောတာပန္နာ ဘဝန္တု တေ။

ဓမ္မမေဃေန၊ တရားမင်းသခင် အဘေဘုရား၏ပတ္တမြားလမ်း အသွင် အနေမမှားစေဘို့ အထွေထွေအားဖြင့် အမေအဖေများ တို့အား ဟောပြရတဲ့ ဓမ္မောဇကထာ ဒေသနာမိုးတော်ကြီးသည်။

ဝဿမန္တ၊ တပါးအလှည့် ရောက်သဖြင့် ဘုရားတပည့်တယောက် မို့ မနေသာပဲ သေသေချာချာ မိုးရွာချသလို ဒကာဒကာမတို့၏ နားအတွင်းသို့ တရားအလင်းအဆီထည့်ပြီးလျှင် ပီတိဖြစ်လောက် တဲ့ တရားတို့ကြောင့်သာလျှင်။ သဗ္ဗေ၊လူနတ်များစွာ တရားနာ တို့သည်။ အနာသဝါ၊ အာသဝေါကို ခွါလျှော့ဖြတ်ခွင်း ရှင်း လင်းမှန်စွာ ရဟန္တာတို့သည်။ ယောန္တု၊ တရားနာရ ကျိုးဖလ ကြောင့် မုချမသွေ ဖြစ်ပါစေကုန်သတည်း။ (ယောန္တု) ယခု ဘဝနှင့် နတ်ပြေ နှစ်ထွေ နှစ်ဝ အနေကျပြီးလျှင် မသေရတဲ့ နိဗ္ဗာန်သို့စိတ်သန်သန် အလှမ်းမကွာဘဲရဟန္တာဖြစ်ကြပါစေကုန် သတည်း။ ဧတ္တ၊ တရားရှာခါ တဆိတ်မလပ်ကြဘဲ အများတကာ နိမိတ်ဖတ်ထားတဲ့ ဤတရားနာ ပရိသာတ်အတွင်း၌။ ယေ၊ အကြင် သဘောဖြူလှင် သူတော်စဉ်တို့သည်။ ပစ္ဆိမကာ၊ စပါယ် ကုံးကဲ့သို့ တကယ်မမှန်းနိုင်အောင် အငယ်ဆုံးသော အသိဉာဏ် ရှိကြပါပေကုန်၏။ တေ၊ထိုစပါယ်ကုံးအသွင် တကယ်မမှန်းစရာ အငယ်ဆုံး အသိဉာဏ်ရှိကြတဲ့ သင်သူတော်စဉ် အပေါင်းတို့သည်။ သောတာပန္နာ၊ ဘယ်ဘုရားမှ မဆိတ် နိုင်အောင်အပါယ်ဘဝမှ တံခါးပိတ်ပြီးလျှင် တကယ်ပ တရားစိတ်မြင်ခါ သဘောသန် လှတဲ့ သောတာပန်အစစ်တို့သည်။ဘဝန္တု၊ တရားနာရ ကျိုးဖလ ကြောင့် မုချမသွေ ဖြစ်ကြပါစေ ကုန်သတည်း။ (ဘဝန္တု) ဉာဏ်အငယ်ဆုံးက သောတာပန်၊ ဉာဏ်အလတ်စားတွေက သက ဒါဂါမ်၊ ဉာဏ်အကြီးစားတွေက အနာဂါမ်၊ ဉာဏ်အကြီးဆုံး တွေက ရဟန္တာဟု ချမ်းသာစွာ သိဒ္ဓိပေါက်ပြီးလျှင် စိတ်ရှိ သလောက် အဓိဋ္ဌာန် ပြုကြတဲ့ အတိုင်း ပြော်– နိဗ္ဗာန်သို့ ကောင်းစွာမသွေ ရောက်ကြပါစေကုန်သတည်း။

# ဝိပဿနာ ဟောစဉ် (၁)

၁။ ကမ္ဘာ့–ကမ္ဘာ သံသရာဝယ် ဖြစ်သမျှ ဘဝတိုင်းမယ်၊ လင်–မယား, သား–သမီး, မြေး–မြစ်တို့ရယ်၊ မငြီးနိုင်အောင် ချစ်ကြတယ်။ ။စွမ်းရည်ပြင်းထန် ဥပါဒါန်ရယ် တခုမကျန် အစွဲပြင်းတယ်။ ။ဘယ်လို နည်းမှ အားမရနိုင်တယ်၊ တရားမရနိုင်အောင် ဖြစ်ခဲ့တယ်။

၂။ ဘဝတိုင်းဘဝ ချစ်ကြပေတယ်၊ ချစ်လို့လဲ အားမရတယ်။ ။လင်–မယား, သား–သမီး, မြေး–မြစ် အသွယ်သွယ် အနည်းနည်း ချစ်ကြတယ်။ ။နေထိုင် ဆိုပြော ထိုသဘောတို့ရယ်၊ အပိုအမိုနှောခါ များလှတယ်။ ။တဏှာ ငြိစ်အခိုး အပြစ်မျိုး ပွေ့၍ကွယ်၊ ချစ်မိုးတွေ စွေကြတယ်။

၃။ သံသရာ ဘုံတန်း ထိုစခန်းတို့မယ် အိုပန်းလဲ ပွင့်ခဲ့တယ်။ ။နာပန်းလဲ ပွင့်ခဲ့တယ်၊ သေပန်းလဲ ပွင့်ခဲ့တယ်။ ။အကဲ့ အမွဲ ဆိုတာရယ်၊ မလွဲတန်း ဖြစ်ခဲ့တယ်။ ။သို့ပါသော်လဲ အသင်လူသားတို့ရယ်၊အမြင်မူ မှားခါနေကြတယ်။ ။မအိုမနာ မသေဘူးထင်၍ကွယ်၊ အနေထူး နေကြတယ်။

၄။ လင်မယားဆိုဒါ အပြစ်အချိုးမျိုး ပွေ့သော်လဲကွယ်
ချစ်မိုးစွေခဲ့တယ်။
သား–သမီးဆိုဒါ....

မြေး–မြစ်ဆိုဒါ....
ဥစ္စာပစ္စည်းဆိုဒါ....(လ)ချစ်မိုးစွေခဲ့တယ်။
အပါယ် ၄–ပါး ပြေးသွားရန် အပြစ်အမျိုးမျိုး ပွေကြသော်လဲကွယ်၊ ချစ်မိုးတွေ စွေကြတယ်။

၅။ မြွေက ဖားကိုခဲကြသလိုကွယ်၊ မခွဲဘဲချစ်ကြတယ်။ ။ တဏှာပစ္စယာ ဥပါဒါန် သဘောရယ်၊ ယခုအမှန် ဟောနေတယ်။ ။အထန်အပြင်း အစွဲတင်း၍ကွယ် ဝဋ်ခင်းဝဋ်နွယ် ရှည်ရတယ်။ ။သေခါနီးတောင် အစွဲမပြုတ်တယ်၊ ငရဲသစ်ငုတ်ဖြစ်ရတယ်။

၆။ အမြစ်များလှတဲ့ အုန်းပင်ရယ်၊ ရွှေ့ရန်ပြောင်းရန် ခဲယဉ်းတယ်။ ။လင်မယား, သားသမီး, မြေးမြစ်တို့ရယ်၊ အမြစ်တွယ်လို့ ရှိရင်ကွယ်။ ။တရားအစဉ် တွေ့မြင်သော်လဲကွယ်၊ တကယ်ထင်ရန် ခဲယဉ်းတယ်၊ ငါးမျှားချိပ်မိတဲ့ ငါးပုံပမာရယ်၊ တရားအာရုံရောက်ရန် ခက်လှတယ်။

၇။ သာသနပဒေသာ ထိန်ဝင်း၍ကွယ်၊ အိမ်တွင်းရောက်နေတယ်။ ။သီလ သမာ ပညာ အဖူး အပွင့်တို့ရယ်၊ အထူးတင့်တယ်တယ်။ ။ကိုယ်ကြိုက်သလို ကိုယ်ခူးကြကွယ်၊ ဦးမှုရပေမယ်။ ။အချိန်မကုန်ခင် သတိယှဉ်ရမယ်၊ မသိချင်ယောင် မဆောင်နဲ့ကွယ်။

၈။ အသီးတွေစုံတဲ့ သစ်ပင်ကြီးနှယ် သာသနာတော်ကြီးဝယ်။ ။ရနိုင်သလောက် ချူလှမ်း၍ကွယ် ယူစမ်းကြပါကွယ်၊ ။အပြင်းထူကြိုက် မယူလိုက်ရင်ကွယ်

လူမိုက် ဖြစ်တော့တယ်။ ။တလုံးရလျှင်ကွယ် ဘုန်းထ
လိမ့်မယ်၊ ဆုံးစ မရှိဖြစ်နိုင်တယ်။

၉။ ဒါနတရား ပြုငြားတဲ့အခါဝယ်၊ ဝိပဿနာဉာဏ်ပါရ
မယ်၊ ။(သီလ) တရားစောင့်ငြားတဲ့ အခါဝယ်၊
ဝိပဿနာဉာဏ် ပါရမယ်။ ။(သမထ) တရားပွားများ
တဲ့ အခါဝယ်, ဝိပဿနာဉာဏ် ပါရမယ်။ ။ဝိပဿနာ
ဉာဏ်ချွတ်ယွင်းရင်ကွယ်၊ ဝဋ္ဋတွင်း သံသရာဝယ်။ ။
အို-နာ-သေ မဆုံး လူဖြစ်ရှုံးမယ်၊ လုံးလုံး နာလိမ့်မယ်။

၁၀။ ဉာဏ်ရှိသူများ ပြုလုပ်ကြတယ်၊ ကုသိုလ် အမျိုးမျိုးရယ်။
ဉာဏ်နှင့်မကင်းမှ စာရင်းလှပေမယ်၊ အလင်းရပေတယ်။
သံသရာဝဋ္ဋကင်း လွတ်ထွက်နိုင်တယ်၊ မဂ်ဉာဏ်ရနိုင်တယ်။
အိုနာသေမှု အပုစုရယ် တခုမကျန်အေးတော့မယ်။

၁၁။ သို့ပါသောကြောင့် ဒါ, သီ, ဘာ, တရားရယ်၊ အခါခါ
ပွားလေ ကောင်းသေကွယ်။ ။ရတနာသုံးပါး ဆိုတာ
ရယ်၊ အခါခါမမုန်းရမဲ့ အလုပ်မှန်တယ်။ ။အပြစ်
အမျိုးမျိုး မပွေနိုင်ရှာကွယ်၊ချစ်မိုးစွေရမယ်။ ။မဂ်ပန်း,
ဖိုလ်ပန်း, ပွင့်ခါ လန်းရအောင်ကွယ်၊ အမြင့်ဘဒ္ဒါစခမ်း
က ချစ်ရမယ်။

၁၂။ မဂ်ပန်း ဖိုလ်ပန်း ဆင်မြန်းလိုသူရယ်၊ ဝိပဿနာ တရား
ပွားရမယ်။ ။ဝိပဿနာတရားဆိုတာရယ်၊ သဘောမှန်
မြင်ရတယ်။ ။ခန္ဓာတွင်းမှာ ရုပ်နာမ် သဘောတို့ရယ်၊
ဟုတ်မှန်တဲ့အတိုင်း ပေါ်လာတယ်။ ။အကြောင်းတရား
တကာယ် သိမ်းနိုင်ရင်ကွယ်၊ ဘယ်ကိုမှ မယိမ်းနိုင်တယ်၊

၁၀၄၃၃

၁၃။ အကြောင်းအကျိုး နားလည်ရင်ကွယ်၊ ဘုရားတကယ် သဘောကျတယ်။ ။သက်သာရာကို တကယ်ရတယ်၊ ထောက်ရာ တည်ရာရနိုင်တယ်။ ။ဘဝကူး သုဂတိ မြဲ လေဘိတယ်၊ စူဠသောတာပန် ဖြစ်နိုင်တယ်။ ။သာသနာ့အတွင်းသား တကယ်ဖြစ်တယ်၊ စခရင်းမမှားနိုင် ပေတယ်။

၁၄။ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ရယ် ခန္ဓာကိုယ်ကြီးဝယ်၊ သတိကိုပင် မခွာပဲရယ် တခါထဲထားရမယ်။ ။ကိလေသာကို နှလံမထနိုင်အောင်ကွယ်၊ အမှန်ပ အားထုတ်ရမယ်။ ဖြစ်ပျက်နေတဲ့ ရုပ်နာမ် ဓမ္မကိုကွယ် အဟုတ်အမှန်ကျအောင် ရှုရမယ်။

၁၅။ ခန္ဓာကိုယ်တွင်း ဉာဏ်သွင်းကြည့်ရင်ကွယ်၊ အမှန်အလင်း မြင်ရတယ်။ ။ရူပက္ခန္ဓာ ပျက်စီးပုံရယ်၊ တချက်ထည်း မြင်ရတယ်။ ။ဖြစ်ရာမှာ ချုပ် ချုပ်ရာမှာ ဖြစ်တယ်၊ သဘာဝဟုတ်ပေတယ်။ ။တဆံဖျားမျှ ရွှေ့မရတယ်၊ ဖြစ်ပျက်နေပေတယ်။

၁၆။ ပထဝီဓာတ် မာပုံကလေးရယ်၊ သဘာဝ အဟုန် မြင်ရတယ်။ ။မာမှုအဆင့်ဆင့် ခဏခဏ ပျက်နေတယ်၊ ဓမ္မသဘာဝ ဖြစ်နေတယ်။ ။မီးစက်ဝန်းနှယ် မာဓာတ် ဆက်ပုံရယ်၊ အချက်ကျကျသိရမယ်။ ။အပိုင်း အပိုင်း တထိုင်းထိုင်းပျက်တယ်၊ ကသိုဏ်းကွက်ပမာ မြင်ရတယ်။

၁၇။ ဇာတိ ဇရာ မရဏ မီးသုံးဝရယ်၊ ဆုံးဆမရှိ လောင်နေတယ်။ ။တဟုန်းဟုန်း တောက်ခါ အမြဲလောင်နေ

တယ်၊ သက်သာခွင့်လဲ မရပါတယ်။ ။လောင်ပျက် လောင်ပျက် ရှောင်မထွက်နိုင်တယ်၊ ယမ်းပုံမီးကျဖြစ်နေတယ်။ ။ကြိမ်ဖန်မလတ် ဝါဂွမ်းဖတ်ပုံနှယ်၊ အထပ်ထပ် မြင်အောင်ရှုရမယ်။

၁၇။ လှုပ်လှုပ်ရွရွ ပျက်နေပုံရယ်၊ ဉာဏ်တွင်ထင်ရှားတယ်။ ။အသစ်ဖြစ်လျှင် အဟောင်း ပျက်တယ်၊ အကောင်း တကွက်မှ မရှိပေတယ်။ ။ရှုလေမြင်လေ မြင်လေ သိလေကွယ် အစဉ်ဓမ္မ သဘောရယ်၊ ပါရမီဉာဏ် ပါသူတို့ရယ် အရိယာဖြစ်နိုင်တယ်။

၁၈။ ရွရွသဲသဲ မွမွကြဲတယ်၊ မြဲဒါရှာမရတယ်။ ။အပ်ချစရာ နေရာ ကလေးမျှရယ်၊ သေချာတွေး၍ မရပါတယ်။ ။ခဝတ်သားတခု မပြတ်အားရှုနိုင်မှရယ် အမြတ်ဘုရားနှင့် မလွဲနိုင်တယ်။ ။ဘဝရကျိုး တကယ်ရတယ်၊ဘယ်ဘဝမှ လဲ မရှုံးတော့တယ်။

# ဝိပဿနာ ယောခဉ် (၂)

၁။ သံသရာဝဋ်စခန်းမှ၊ ကျွတ်လမ်းရှာတဲ့ သူတွေရယ်။ ။
ခုအချိန် ဘဝကောင်းဝယ်၊ အကြောင်းလှနေတယ်။ ။
ခုဘဝ အချိန်ဖြုန်းပစ်တယ်၊ အရှုံးခံလို့ ရှိရင်ကွယ်။ ။
ဝဋ်ပင်လယ် ရေယာဉ်ကြောဝယ်၊မြုပ်မြောနေလိမ့်မယ်။

၂။ ဝဋ်ပင်လယ် ရေယာဉ်ကြောဝယ်၊ မမျောချင်တဲ့ သူတွေ
ရယ်။ ။ဒါ, သိ, ဘာ တရားပေါင်းဝယ်၊အားကောင်း
စေရမယ်။ ။ဒါ, သိ, ဘာ အားကောင်းမှ ဘုရား
လောင်းဖြစ်နိုင်တယ်။ ။ပစ္စေကာ အရိယာလောင်းတို့
ရယ်၊ သိသာစွာ ပြောင်းနိုင်တယ်။

၃။ ဘဝသံသရာ အလီလီပြောင်းလို့ရယ်၊ အမှီကောင်း ရှိရ
မယ်။ ။ဒါ, သိ, ဘာ, ကြည်ညို များလို့ရယ်၊ မှီခို
အားထား ကြရမယ်။ ။ဉပနိဿယ ပစ္စည်းခေါ်တယ်
အမှီကောင်းကြီး ဖြစ်ပေတယ်။ ။ဒါန သီလထက်
ဘာဝနာအားကြီးတယ်၊ ကမ္ဘာမှာ ဘုရားကြီး ဖြစ်နိုင်
တယ်။

၄။ အမှီကောင်း မရတဲ့သူများရယ်၊ ဘဝသံသရာဝယ်။ ။
အကုသိုလ်ကျွေးတွေ အလွန်တင်၍ကွယ်၊ ကျွန်ပင်ဖြစ်ရ
တယ်။ ။သို့ပါသော်လဲ ဘဝအကူးဝယ်၊ ပါဘူးတဲ့
ကုသိုလ်ကြောင့်ရယ်။ ။ကုဋေ ၈၀--ရှင်သူဌေးကြီးရယ်၊
အပြီးတွေ့နေတယ်။

၅။ လိုရာပေးနိုင်တဲ့ သူဌေးကြီးရယ်၊ ကျေးထူတဲ့ ကျွန်နှင့် ရယ်။ ။ပေါင်းစပ်ဘို့ရန် ဘယ်လို ပြောသော်လဲကွယ် တကယ်ကို သဘောမပါတယ်။ ။ကျေးထူတဲ့ ကျွန် အချင်းချင်းရယ်၊ အလွန်အမင်း ပေါင်းကြတယ်။ ။ ကျေးစာရင်းချင်း လုံးပေါင်း၍ကွယ်၊ မဆုံးကြောင်း ဖြစ်နေတယ်။

၆။ ထို့တူမခြား ပုထုဇဉ်များရယ်၊ အရိယာများနှင့် တွေ့ရ သော်လဲကွယ်။ ။သူဌေးကြီးကို မပေါင်းချင် သကဲ့သို့ ကွယ်၊ အကြောင်းအစဉ် တူနေတယ်။ ။ကျွန်အချင်း ချင်း ဆက်ဆံသကဲ့သို့ကွယ်၊တကယ့်အမှန်တူနေတယ်။ ။ ကျေးဆပ်နိုင်တဲ့ သူဌေးကြီးကိုကွယ်၊ အဝေးကြီး ရှောင် ကြတယ်။

၇။ ကိလေသာကျေးတွေ ပါကြ၍ကွယ်၊ အို–နာ–သေ ကျေးဆပ် ပေးရတယ်။ ။ဘဝသံသရာမှ ကျေးကျွန် တွေရယ်၊ ဆပ်ရန်မကြံဘဲ နေကြတယ်။ ။ကျေးအသစ် ကိုသာ ထပ်ချေးနေတယ်၊ မပြတ်ဘေးတွေ ဝိုင်းနေ တယ်။ ။ဆပ်မကုန်နိုင်တဲ့ ကျေးစာရင်း ပေါ်ဝယ်၊ အတိုးကလဲ ဆပ်မကုန်တယ်။

၈။ တကြိမ်ထဲနဲ့ ဆပ်ပေးနိုင်တဲ့ အမြတ် သူဌေးကိုကွယ်၊ အကာပ်ဝေးအောင် ရှောင်သလိုကွယ်။ ။ဘုရား တရား သံဃာကိုကွယ်၊ အမှန်မကွာ ရှောင်ကြတယ်။ ။ကျေး မဆပ်နိုင်တဲ့ ကျွန် အချင်းချင်းရယ်၊ အလွန် အမင်း ချစ်သလိုကွယ်။ ။ရာဂ,ဒေါသ,မောဟ,ဘီလူးနှင့်ကွယ်၊ အထူးသဖြင့် ပေါင်းကြတယ်။

၉။ ရာဂဘီလူး ဖမ်းစား၍ကွယ်၊ ချမ်းသာကို ဆင်းရဲထင်တယ်။ ။ဆင်းရဲကိုပင် ချမ်းသာထင်တယ်၊ မဟုတ်တာကို အဟုတ်ထင်တယ်။ ။ပွားသင့်တာကို မပွားကြတယ်၊ ဘုရား မနှစ်သက်အောင် လုပ်နေတယ်။ ။အိုနာသေခြင်း မကင်းနိုင်တဲ့ အာရုံရယ်၊ စာရင်းမကုန်နိုင်အောင် လိုက်ကြတယ်။

၁၀။ အို နာ သေခြင်း ကင်းကြဘို့ သဘောရယ်၊ ဘုရားက ဟောပြတယ်။ ။သို့ပါသော်လဲ မလိုက်နာကြတယ်၊ စရိုက်မှာထူးပေတယ်။ ။သူဌေးကို ကြောက်တဲ့ ကျွန်အသွင်လိုက္ကွယ်၊ အလွန်ပင်တူကြတယ်။ ။ထိုကျွန်ထက်ပင် အလွန်ထူးနေကြတယ်၊ ကျွန်ရူး ငါတို့ဖြစ်နေတယ်။

၁၁။ သူဌေးကြီးက သနား၍ကွယ် အမွေများ ထားခဲ့တယ်။ ။အဘိုးတန် ရတနာ ရွှေ ငွေ တို့ရယ်၊ ကမ္ဘာကုဋေ ချမ်းသာနိုင်တယ်။ ။သို့ပါသော်လဲ ကျွန်လုပ်နေရခြင်းရယ်၊ အလွန်မဟုတ်တယ် ထင်နေတယ်။ ။အမွေယူချန် အခင်းမသွက်တယ်၊ စားရင်းတွက် မှားနေတယ်။

၁၂။ ဗုဒ္ဓအမွေ ဆိုတာရယ်၊ ဆိတ်ငြိမ်ရာ အရပ်တွင် ထားခဲ့တယ်။ ။သမထ ဝိပဿနာ ဘာဝနာတရားတို့နှင့်ရယ်၊ အခါပွားချဲ့ရှာရမယ်။ ။ကိလေကင်းပျောက် အလင်းရောက်မှရယ်၊ စာရင်းပေါက် မှန်လိမ့်မယ်။ ။ရတနာ ၇-ပါး အစားစားတို့ရယ်၊ တဖွားဖွားပေါ်လာတယ်။

အယံ ဘိက္ခဝေ သတ္တာရာ သာဝကာနံ ဟိတေသိနာ အနုကမ္ပကေန အနုကမ္ပံ ဥပါဒါယ ကတံ ဝေါ ယံ မယာ။ ဧတာနိ ဘိက္ခဝေ ရုက္ခမူလာနိ ဧတာနိ သုညာဂါရာနိ၊ ဈာယထ၊ မာပမာဒတ္ထ၊ မာပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထ၊ အယံဝေါ အမှာကံ အနုသာသနီ။ အဋ္ဌကထာ။

ဣတိ ဒါယဇ္ဇံ နိယျာဒေတိ။ ဋီကာ။

၁၃။ သင်္ချေ ၄–ကျော်ပါရမီတော်ရယ်၊ ကမ္ဘာရှည်သလောက် ဖြည့်ခဲ့တယ်။ ။အရင်းကြီး၍ အမြတ်ကြီး ပေတယ်၊ မပြတ်ခရီးတွင်ပေတယ်။ ။သစ်ပင်ရင်း ဆိတ်ငြိမ်ရာ နေရာအရပ်ဝယ်၊ သေချာမှတ်၍ ရနိုင်တယ်။ ။အမြတ်ဆုံး ဓမ္မရတနာ တွေ့ရယ်၊ ၄ဝေနိုင်အောင် ပေါလှတယ်။ ။

၁၄။ ဓမ္မရတနာ တရားမရှောသူရယ်၊ ကမ္ဘာ့ ကမ္ဘာ ဆင်းရဲလိမ့်မယ်။ ။ဗုဒ္ဓအမွေ အမှန်မတည်ရင်ကွယ်၊ သံသရာခရီးရှည်ဦးမယ်။ ။ဗုဒ္ဓအမွေတကယ်ရမှကွယ်၊အပါယ်မှ လွတ်နိုင်တယ်။ ။သံသရာဝဋ်တိုး ပြုတ်ပြုတ်ပြုံးတယ်၊ အဆုံးမရှိ ချမ်းသာမယ်။ ။

(ယံ သတ္တတိံသ ဗောဓိပက္ခိယဘေဒံ သဒ္ဓမ္မံ ဥတ္တာ သံသာရသ္မာ အန္တံ ကရောန္တိ။ တံသဒ္ဓမ္မံ အဝိဇာနတံ သံသရော ဒီဃော နာ ဝမ။ ။အဋ္ဌကထာ။ ။ ဓမ္မပဒ။ ။ဒီဃော ဗာလာန သံသာရော၊ သဒ္ဓမ္မံ အဝိဇာနတံ။ ။)

၁၅။ ဓမ္မအဓမ္မ ရနေသူရယ်၊ ဘဝအခြေ ပြောင်းတော့တယ်။ ။ဆင်းရဲဝေးကွာ သူဌေးရတနာရယ်၊ အေးစွာဖြစ်ရမယ်။ ။အသက်ရှည်သမျှ အကျိုးပြီးတယ်၊ တန်ခိုးလဲကြီးပေတယ်။ ။သာသနာတည်လတ် သာကီဇာတ်ရယ်၊ ကမ္ဘာရှည်သမျှ မြတ်လှတယ်။ ။

၁၆။ ဓမ္မအဓမ္မတော်ဆိုတာရယ်၊ ဗောဓိပက္ခိယတရားကွယ်။ ။နိဗ္ဗာန်ရောက်ကြောင်း တကယ်ဟုတ်တယ်၊ အပါယ်ပြုတ်နိုင်တယ်။ ။တခဏပင် ကျင့်သော်လဲကွယ်၊ ဘဝအစဉ်မြင့်နိုင်တယ်။ ။၇-နှစ်၊ ၇-လ၊ ၇-ရက်နှင့်ကွယ်၊ အလွန်ထက်တဲ့ ဝိပဿနာကွယ်။ ။

၁၇။ ခန္ဓာငါးဝ ရုပ်နာမ် ဓမ္မဝယ်၊ အနိစ္စ-ဒုက္ခ-အနတ္တ မမြင်သူရယ်။ ။အပြစ်မမြင် ပိတ်ကာ နေတယ်၊ အဝိဇ္ဇာဖုံးနေတယ်။ ။တဏှာဒိဋ္ဌိ အသာညိတယ်၊ ဘာကမှမသိပေတယ်။ ။ဘီလူးမကို နတ်သမီး ထင်သလိုကွယ်၊ မပြတ်အပြီး ခင်နေတယ်။ ။

၁၈။ ဘီလူးမကို နတ်သမီး ထင်၍ကွယ်၊ ချစ်ခင်နှစ်သက်စွဲလမ်းတယ်။ ။အပြစ်မမြင် စိတ်ပျော်ရွှင်၍ကွယ်၊ မခွါချင်အောင် ဖြစ်နေတယ်။ ။သံယောဇဉ်မှု ခင်တွယ်ပြုတယ်၊ အစဉ်တကယ် မှုနေရတယ်။ ။အနမတဂ် သံသာစက်ဝယ်၊ ခံလျက်နေရတဲ့ ဒုက္ခကွယ်။

၁၉။ ခန္ဓာငါးတန် ရုပ်နှင့် နာမ်ဝယ်၊ ဟုတ်မှန်မြင်တဲ့ ပုဂ္ဂိုလ်ရယ်။ ။ဘီလူးမကို စက်ဆုပ်၍ကွယ်၊ အဖက်မလုပ်ပုံသို့နှယ်။ ။ချစ်စိတ်ကုန်စင် မတွေ့မမြင်ချင်တယ်၊ ငြီးငွေ့

လာပေတယ်။ ။ကြောက်လန့်ပြစ်မြင် လွတ်ချင်လှတယ်၊ အထွဋ်မှတင်ရတဲ့ ဝိပဿနာကွယ်။

၂၀။ မလိုချင်မှု ပယ်စွန့်ပြုလျှင်ကွယ်၊ ချုပ်မှု အဝိဇ္ဇာ တဏှာရယ်။ ။ဒိဋ္ဌိ သံယောဇဉ် ပယ်ပစ်ကြဉ်ရှိကွယ်၊ တကယ်အပြစ်မြင် မှန်ပေတယ်။ ။သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ် အစဉ်မပြတ်တယ်၊ အမြင်အထပ်ထပ် တက်လာတယ်။ ။သောတာပတ္တိ မဂ်ဖိုလ် အထက်ကိုဝယ်၊ ရက်တိုတိုနှင့် ရပေမယ်။

၂၁။ ဖြစ်မှုရှိက ပျက်ရပြန်တယ်၊ ဒုက္ခမှန်ပေတယ်။ ။ဖြစ်မှုချုပ်မှ ဒုက္ခချုပ်တယ်၊ သုခမှန်ပေတယ်။ ။ချုပ်ငြိမ်းဘို့ရန် ရုပ်နှင့်နာမ်ဝယ် အဟုတ်အမှန် ပွားရတယ်။ ဝိပဿနာအလုပ်တဏှာချုပ်တယ်၊ ဒုက္ခလဲ ချုပ်ပေတယ်။

ဥပ္ပါဒေါ ဒုက္ခံ၊ အနုပ္ပါဒေါ သုခံ။
နိမိတ္တံ ဒုက္ခံ၊ အနိမိတ္တံ သုခံ။

# ဝိပဿနာ ယောခဉ် (၃)

၁။ သံသရာဇာတ်မှား အစဉ်ရှည်လျားတယ်၊ ရပ်ငြားရှဲလဲ မရပါတယ်။ ။ဝဋ်ခြင်း ဝဋ်နွယ် ဝဋ်ပင်လယ်ရယ်၊ ကျွတ်ဘွယ်လွတ်ဘွယ် မမြင်ပါတယ်။ ။ရှုပ်သထက်ရှုပ်တယ်၊ အလုပ်က များတယ် ဟုတ်သမျှတွေကိုလဲ မသိပါတယ်။ အဝိဇ္ဇာမှောင်ကြီး ပိတ်ကာဆီးတယ်၊ ဉာဏ်မီး အလင်းရောင် မရပါတယ်။

၂။ အဝိဇ္ဇာတဏှာ အစထားတယ်၊ အမှားဇာတ် ထွက်လာခဲ့တယ်။ ။သံသရာ ဇာတ်ခုံ ဓာတ်ဘုံကြီးဝယ်။က,ခုံပြီး ခါ ပျော်လာတယ်။ ။ဝတ်ရုံပြောဆို ထွက်လာပုံရယ်၊ အမှားစုံရှဲ လာပေတယ်။ ။သံသရာစခမ်း အမှားလမ်းဝယ်၊ အမှားတွေ ဆန်းကြယ်တယ်။ ။ (အမှားငယ် ပြင်ပြင် အသွားငယ်တွင်၊ ညာဉ်မသန်းငွေ့၊ စခမ်းဖြင့် တွေ့ပြီဟု၊ တဝေ့လည်လည် ပယ်ငရဲမှာ၊ ထယ်လဲသာ စည်တော့ ရှည်ပါဘိဝဋ်နွယ်ရယ်၊ ကျွတ်လွယ်ရန် မသိသေးရော့ထင့်၊ ရည်မှေးမှောင်မိုက် မှောင်ထုတွေက လင်းမှုမချယ်)။

၃။ မြို့ရွာနိဂုံး တပြုံးပြုံးနှင့် အဆုံးမသတ်နိုင်တဲ့ သူတွေရယ်။ တရစ်ပတ်ပတ် အမြစ်မပြတ်နိုင်တယ်၊ အသစ်အသစ် ထပ်နေတယ်။ ။ကာမဂုဏ်ဝဲသြဃဝယ်၊ အဖြာဖြာစုံခါ အမြဲပေါလှတယ်၊ အတောကလဲ မသတ်နိုင်တယ်။ ။စရိုက်ဆိုးတွေကို လိုက်တိုးနေတယ်၊ အမိုက်မျိုးတွေစုံခဲ့တယ်။

၄။ ဝသီဆိုး ဝသီညစ် အလီလီ ဖြစ်၍ကွယ်၊ ကြည်လင် သန့်ရှင်း မဖြစ်နိုင်တယ်။ ။ကာမဂုဏ် ဝလေ့ကလဲ မထွက်နိုင်တယ်၊ သာသနာကြုံတွေ့သော်လဲ မသက်ဆိုင်တယ်၊ မင်္ဂဖိုလ် မရနိုင်အောင် ဖြစ်နေတယ်။ ။ဝသီဝါသနာကောင်းမှကွယ်၊ ဤသာသနာ အပေါင်းဝယ်၊ အကြောင်းကလဲ လှပေမယ်။ ။သဒ္ဓါပညာ စရိုက် ၂-ပါးရမှရယ်၊ အမိုက်များပြတ်နိုင်တယ်။

(ထုံဂနိုင်ဝယ်၊ စုံမြိုင်ရှက်စိတ်၊ လူမသန်းတဲ့ ဂူနန်းရိပ်မှာ၊ စိတ်တဖြုံဖြုံ၊ နိမိတ်ယူလို့၊ နို့ဗ္ဗူပြုရမေ၊ အမြန်တွေ့ရအောင်၊ စျာန်လေ့ကာ မနေစမ်းလေရ၊ ငြစ်ငြမ်းတဲ့ သည်ဝသီကို၊ မကြည်ပြီ ကြာလေမုန်းလှပေါ့၊ ထုံးမမြင် သုံးခွင်ဘုံထုက ကျယ်သနှင့်။)

၅။ မြို့ရွာနိဂုံးဆိုတာရယ်၊ ကပ်တိုက်တဲ့နေရာများ ဖြစ်ပေတယ်။ ။ပလိပ်ရောဂါရယ် ဝမ်းရောဂါရယ်၊ ကျောက်ရောဂါ ဆိုတာရယ်။ ။နှလုံးရောဂါရယ်၊ အဆုတ်နာရယ်၊ လေဖြတ်တဲ့ ရောဂါရယ်။ ။ကိလေသာ ရောဂါ ကပ်ခပင်းတို့ရယ်၊ မြို့တွင်း ရွာတွင်းမှာ တိုက်နေတယ်။

၆။ ကပ်ကြီးအမျိုးမျိုး တိုက်နေ၍ကွယ်၊ ကိုယ်နှုတ်အမူအရာ ဖောက်ပြန်တယ်။ ။အုံးအုံးကြွက်ကြွက် ပေါ်ထွက်၍ကွယ်၊ ဆူဆူညံညံ အော်ဟစ်တယ်။ ။အိုးအိမ်အများ စွန့်ထား၍ကွယ်၊ ပြေးသွား ကြကုန်တယ်။ မြို့ရွာနိဂုံး ဆိုတာရယ်၊ ကြောက်ဘွယ် ကောင်းလှတယ်။

၇။ မြို့ရွာအတွင်း ဆိုတာရယ်၊ သံသရာလွတ်ရန် မဖြစ်နိုင်တယ်။ ။နိဗ္ဗာန် ရကြောင်း တရားကောင်းတို့ရယ်၊ အားကောင်းနှင့် လုပ်ရန်ခဲယဉ်းတယ်။ ။တောတောင်ရိပ်သာဆိုတာရယ်၊ ဆိတ်ငြိမ်ရာဌာနဖြစ်ပေတယ်။ ။သူတော်ကောင်းအလုပ် တကယ် လုပ်နိုင်တယ်၊ ဘယ်အရှုပ်မှလဲ မလာနိုင်တယ်။

(သည်ရုပ်ကယ် သည်နာမ် သည်သဏ္ဍာန်နှင့်၊ သည်ဟန်အမူ သည်အယူလဲ၊ မပြုသေးလို၊ မြူကြေးဘဲ ပိုလွန်းလို့၊ တကိုယ် ကောင်းနော် တစောင်းနော် ကြံလိုက်ရ၊ နောက်ဆံထွေးရှက်၊ ရေးနှယ်ခက်ပါဘိ၊ မသက်သာလေ၊ ထောင်တမျိုးဟာမို့ နှောင်ကြိုး ပွေလွန်းလို့၊ ခေပါဘိ ဖြစ်ပုံရယ်၊ စံနစ်ကုန် မှန်သဘော ရယ်နှင့် ပြောဘို့မသင့်။)

၈။ ဗုဒ္ဓဘုရား အလောင်းတော်တို့ရယ်၊ အကြောင်းမျှော်လို့ကြည့်ရင်ကွယ်။ ။ထီးနန်း စည်းစိမ် သဘောမမက်၍ကွယ်၊ တောထွက်ကြကုန်တယ်။ ။သမထ ဝိပဿနာဘာဝနာ စခန်းတို့ဝယ်၊ အခါခါဖမ်း၍ အားထုတ်တယ်။ ။ဝိဝေက ပီတိ အဆီပြည့်လာတယ်၊ ဘယ်ပီတိမှလဲ မလိုက်နိုင်တယ်။ ။

[ဓမ္မာ ဓမ္မာတိ ကိတ္တယန္တဿ(လ)]

၉။ မဂ်ဖိုလ်လိုခြင်တဲ့ ပုဂ္ဂိုလ်ရယ်၊ အချက် ၃–ချက်ရှိရမယ်။ ။သူတော်ကောင်းကို ဆည်းကပ်ရမယ်၊တရားကို

နာရမယ်။ ။တရားနာတိုင်း ကျင့်ကြံရမယ်၊ ယောဂီ
မှန်သမျှရယ်။ ။သောတာပန် သကဒါဂါမ် အနာဂါမ်
တို့ရယ်၊ ရဟန္တာအထိ ဖြစ်နိုင်တယ်။

၁၀။ တရားမနာတဲ့ ပုဂ္ဂိုလ်ရယ်၊ အကြံအစီတွေ ပေါလှ
တယ်။ ။အကြံတွေလွှင့်၍ ဉာဏ်တွေမပွင့်တယ်၊ သံသ
ရာရှည်လင့်မယ်။ ။အကြံမလွှင့်မှ ဉာဏ်ပွင့်လာတယ်၊
ကံလဲမြင့်လာတယ်။ ။အဝိဇ္ဇာအဆင့်ဆင့် ပွင့်ခါထွက်
တယ်၊ တရားနာကျိုး ဖြစ်ပေတယ်။

၁၁။ တရားတော် ဆိုတာရယ်၊ အဘိဓမ္မာတရား ဖြစ်ပေ
တယ်။ ။ရုပ်နာမ် ခန္ဓာ သစ္စာတို့ရယ်၊ အပြစ်အနာ
ပြတဲ့ တရားဖြစ်ရမယ်။ ။တရားအလိုက် သဘာဝဆိုက်
အောင်ကွယ်၊ နာလိုက် ကျင့်လိုက် ဖြစ်ရမယ်။ ။
သူတော်မြတ်ကို ဆည်းကပ်မှရယ်၊ နည်းအမြတ် ရနိုင်
တယ်။

၁၂။ တရားတော် ဆိုတာရယ်၊ ကြိမ်ကြိမ်ဖန်ဖန် နာရမယ်။
တရားမနာပဲ နိဗ္ဗာန် ရသူရယ်၊ ဘသူမှ မရှိပါတယ်။
အမြတ်တရား နာမှ အပြတ်သမား ဘဝရောက်မယ်၊
မှတ်သားလောက်ပေတယ်။ ။တောင်းလို့လဲ မရတယ်၊
အလုပ် လုပ်မှ ရတယ်၊ ဒုက္ခကင်းပေတယ်။

၁၃။ သံသရာဇာတ်မှား သိမ်းကြဘို့ရယ်၊ ငြိမ်းအောင်လုပ်
ရမယ်။ ။အငြိမ်းဇာတ်ကို မတွေ့သမျှဝယ်၊ ချမ်းသာ
စစ်ကို မတွေ့နိုင်တယ်။ ။ချမ်းသာစစ်ကို မတွေ့သမျှ

ဝယ်၊ သံသရာ စခန်းမယ်။ ။တပင်ပန်းပန်း အစဉ်နှမ်းတယ်၊ ဆင်းရဲလက်စ မဆုံးနိုင်တယ်။

၁၄။ ဆင်းရဲလက်စ ဆုံးကြဘို့ရယ်၊ ခန္ဓာကိုယ် ဉာဏ်စိုက်ကွယ်။ ။ရုပ်နာမ်ဓမ္မ သဘာဝတို့မယ်၊ ဘာကမှ ရှာမရတယ်။ ။အထယ်ကိုယ်ဒြပ်ဆိုတာရယ်၊ဘယ်လိုမှတ်၍မှ မဖြစ်နိုင်တယ်။ ။ဖြစ်ပျက်မစဲ တဖွဲဖွဲရယ်၊ မြဲတာရှာမရတယ်။

၁၅။ ဖြစ်ပျက် ဖြစ်ပျက် သဘာဝအချက်ရယ်၊ ဉာဏ်ဝမှာလဲ သက်ရမယ်။ ။ဖြစ်ပျက်အမှု တကယ် ရှုနေရင်ကွယ်၊ ဘယ်ဆိုကိုမှလဲ မတောင်းနိုင်တယ်။ ။ဖြစ်ပျက် ဖြစ်ပျက် အခါခါ ပွါးနေမှကွယ်၊ ဘာဝနာ တရား ဖြစ်ပေတယ်။ ။ဖြစ်ပျက်အစဉ် အမှန်မြင်ရင်ကွယ် ခန္ဓာတွင် မုန်းလာတယ်။

၁၆။ ကိုယ့်ခန္ဓာကို ကိုယ်မုန်းမှရယ်၊ သူတပါး ခန္ဓာကိုလဲ မုန်းတော့တယ်။ ။ပျင်းမုန်းငြီးငွေ့ အပြစ်မြင်မှရယ် အသစ်အစဉ်မလိုချင်တယ်။ ။လိုချင်လို့ရတယ်၊ မလိုချင်မှမရတယ်၊ သဘာဝအစဉ် နားလည်ရမယ်။ ။ ဉာဏ်အဆင့်ဆင့် အမှန် ပွင့်လာတယ်၊ အမြင့်စခန်း ရောက်နိုင်တယ်။

၁၇။ ဖြစ်ပျက်အစဉ် တကယ်မြင်ရင်ကွယ်၊ ဝမ်းသာနှစ်သက် မဆုံးနိုင်တယ်။ ။ကြက်သီးမွေးညှင်း ထလာ၍ကွယ်၊ အလင်းရောင်တွေ ရလာတယ်။ ။ပီတိပါမောဇ္ဇတကယ်

ရလျှင်ကွယ်၊ ပထမနိဗ္ဗာန်ရနိုင်တယ်။ ။ဖြစ်ပျက် အဆုံး တကယ်ရောက်လျှင်ကွယ်၊ ဒုက္ခအဆုံး ရနိုင်တယ်။

ယတောယတော သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။
လဗ္ဘတိ ပီတိ ပါမောဇ္ဇံ၊ အမတံ တံ ဝိဇာနတံ။

၁၈။ ရုပ်နာမ်ဖြစ်ပျက် မြင်နေတာရယ်၊ ဒုက္ခသစ္စာသိခြင်းကွယ်။ ။ရုပ်နာမ်ခန္ဓာ မုန်းနေတာရယ်၊ သမုဒယသစ္စာပယ်ခြင်းကွယ်။ ။ရုပ်နာမ်ဖြစ်ပျက် အဆုံးမြင်မှုရယ်၊ နိရောဓသစ္စာ ဆိုက်ပေတယ်။ ။ဖြစ်ပျက်ရှုတဲ့ ဉာဏ်အမြင်ရယ်၊ မဂ္ဂသစ္စာ ဖြစ်ပေတယ်။

# ဝိပဿနာ ယောစဉ် (၄)

၁။ ဗုဒ္ဓုပ္ပါဒ သာသနာတွင်းဝယ်၊ ကံကောင်း ထောက်မ
ရောက်ရတယ်။ ။လူလဲဖြစ်တယ် အင်္ဂါလဲစုံတယ်၊ သဒ္ဓါ
စသည်လဲ ရှိရမယ်။ ။တရားနာရမယ်၊ ဆရာကောင်း
ရှာရမယ်၊အခါလဲကောင်းနေ့တယ်။ ။သာသနာတွင်း
ဝိဇ္ဇာလင်းနိုင်တယ်၊ အဝိဇ္ဇာကင်းအောင် လုပ်ရမယ်။

၂။ သာသနာတွင်း ကြုံပါလျက်ကွယ်၊ အချိန် မဖြုန်းသင့်
တယ်။ ။သာသနာပ ကိစ္စဆိုတာရယ်၊ ဘဝတိုင်းတွေ့
ရတယ်။ ။ထိုကိစ္စနှင့် တင်းတိမ်နေရင်ကွယ်၊ စာရင်း
လိမ် ဖြစ်လိမ့်မယ်။ ။ကိုယ်ကျိုးမက သံသရာကျိုးတို့
ရယ်၊ အဆိုးထဲတွင် ရောက်တော့မယ်။

၃။ ဘဝသံသရာ အပါယ်ကျသမျှတို့ရယ်၊ ဘယ်ကာလသာသလဲ
ကွယ်။ ။ဆရာကောင်းနှင့် မကြုံလို့ရယ်၊ ယုံကြစေချင်
တယ်။ ။သို့ပါသောကြောင့် ဆရာကောင်းတွေ့ဘို့ရယ်၊
ဘယ်မျှအရေးကြီးတယ်။
၅၂၈-ကြိမ်တိုင် ဘုရားမှာတယ်၊ အားနာဘို့ ကောင်း
လှတယ်။

၄။ ရုပ်နာမ်ခွဲခြား သိရုံမျှနှင့်ရယ်၊ တင်းတိမ်မနေသင့်တယ်။
အကြောင်း အကျိုး သိရုံမျှနှင့်ရယ်၊ သာသနာတွင်း
မရောက်သေးတယ်။ ။ဒေဝိလ, အာဠာရ, ဥဒကရသေ့၊
တို့ရယ်၊ ခုဘဝ တွေ့နိုင်တယ်။ ။သူ့အခြေ မအေး

တယ်၊ လူ့ပြည်က ပြေးသွားရင်ကွယ်၊ ယခု ဓမ္မနှင့်
ဝေးဦးမယ်။

၅။ သစ္စာတရား ဆိုတာရယ်၊ ဘုရားပွင့်မှ သိရတယ်။ ။
သစ္စာတရားသိတဲ့ သူရယ်၊ သာသနာတွင်း ရောက်သူ
ဆိုနိုင်တယ်။ ။သာသနာမကြုံ၊ ကမ္ဘာဘုံဝယ်၊ ပြဟ္မာ့
ဘုံထိနေခဲ့တယ်။ ။သို့ပါသော်လဲ သစ္စာမသိလို့ကွယ်၊
အပြစ်အနာတွေသာ ခံရတယ်။

၆။ သစ္စာတရား သိအောင်မလုပ်သူရယ်၊ အပါယ် ၄-ပါးမှ
မလွတ်နိုင်တယ်။ ။အပါယ် ၄-ဘုံ ဒုက္ခအစုံတို့ရယ်၊ ကိုယ်
ပိုင်ဥစ္စာ ဖြစ်လိမ့်မယ်။ ။အပါယ် ၄-ပါးမှ လွတ်တဲ့
အခါဝယ်၊ ဘုံ ၃-ပါးတွင် လည်ဦးမယ်။ ။ဖြစ်သမျှ
ရသမျှ စည်းစိမ်တွေရယ်၊ မီးရှိန် ပြင်းလှတယ်။

၇။ သစ္စာတရား မသိသူဝယ်၊ ဖြစ်ရာဘဝဝယ်။ ။အားကိုး
ရာလဲ မမြင်တယ်၊ ကယ်မဲ့သူလဲမရှိတယ်၊ အချီးနှီးဖြစ်ဦး
မယ်။ ။သံသရာတခွင်လုံး စုံးစုံးမြုပ်လို့ရယ်၊ အရှုံးကြီး
ရှုံးလိမ့်မယ်။ ။ကမ္ဘာ ၄၀-မြင်တဲ့ ဒေဝီဋ္ဌရသေ့ရယ်၊
ပြေဆီမရပုံ စဉ်းစားရမယ်။

၈။ လောက လူ့ဘောင် ကာမဂုဏ်ထောင်ဝယ်၊ နှောင်ကြိုး
ရှုပ်ပွေတယ်။ ။နေထိုင် ကြပ်တည်း ကျဉ်းမြောင်းလှ
တယ်၊ ခြေကျဉ်းခတ်ထားသည့်ပုံသို့နှယ်။ ။မင်းရေး
ပစ္စည်းရေး သား လင်မယားရေးတို့ရယ်၊ အများမြင်

သလို မအေးပေတယ်။ ။အကုသိုလ်ဘက်မှာ အဖြစ်များ၍ကွယ် အပြစ်များခံခဲ့တာများလှတယ်။

၉။ သတ္တဝါတိုင်း၏ စိတ်နှလုံးဝယ်၊ မရှုံးနိုင်အောင် ချည်နှောင်တယ်။ ။အာရုံအမျိုးမျိုး နှောင်ကြိုးတွေရယ်၊ ရောင်လို့ပင်မတိုးနိုင်အောင် ကျဉ်းကြပ်တယ်။ ။ကိလေသာအတွင်းကြိုး အာရုံအပြင်ကြိုးတို့ရယ်၊ ကြိုးခြင်းထိခါ ရှုပ်ပွေတယ်။ ။ကြခတ် ဝါးရုံ ရှုပ်ထွေး သကဲ့သို့ရယ်၊ အဟုတ်မအေးဘဲ နေရတယ်။

၁၀။ သို့ပါကြောင့် ကိုယ့်အဖြစ်သနစ်ရယ်၊ ဖွင့်လှစ်ပြောရန်ခက်လှတယ်။ ။သံသရာက ဖြစ်ခဲ့ပုံတွေရယ်၊ စနစ်ကုန်အောင်လိုက်လာတယ်။ ။တရားအလုပ်ခွင် ဝင်တဲ့အခါဝယ်၊ သားသွီးရှုပ်သွင် ပေါ်လာတယ်။ ။ဘုရားတွေ့သော်လဲ တရားမလေ့နိုင်တယ်၊ အများခလေ့ ဖြစ်ပုံထင်ရှားတယ်။

၁၁။ သိဒ္ဓတ္ထအလောင်းတော်မြတ်ရယ်၊တောထွက်ရန်ဆုံးဖြတ်တဲ့အခါဝယ်။ ။သားမယားမျက်နှာ ကြည့်ချင်လို့ရယ်၊ အခန်းဝရောက်လာတယ်။ ။နောက်ဆံထွေးရှက် အရေးပျက်ဘို့ရယ်၊ တွေးလျှက် မြင်လာတယ်။ ။စိတ်ကိုဆုံးမထွက်ခွါရတယ်၊ မသက်သာလှတဲ့ သဘောဖြစ်တယ်။

၁၂။ သံယောဇဉ် နှောင်ကြိုးအမျိုးမျိုးတို့ရယ်၊နှောင်မတိုးဘို့အတွက်ရယ်။ ။တစထက်တစ ဖြတ်ကြရမယ်၊ အမြတ်ဘဝရောက်တဲ့အခါဝယ်။ ။ဘဝရကျိုး တကယ်နပ်မှ

ရယ်၊ အပယ်က ပြတ်လိမ့်မယ်။ ။သာသနာတည့်ရှိ ပ ါရမီပြည့်ဘို့ရယ်၊ သဒ္ဓါအဆီထည့်၍ ကြိုးစားရမယ်။

၁၃။ သစ္စာ ၄–တန် ရုပ်နှင့်နာမ်ရယ်၊ ဟုတ်မှန်သိရမယ်။ ။တွေးဆအသိ, တဆင့်ကြား အသိတို့ရယ်၊ သာမည အသိဖြစ်ပေတယ်။ ။အလုပ်ခွင်ဝင်၍ သိရတဲ့ အသိ ရယ်၊ အရိယာအသိ ဖြစ်ပေတယ်။ ။အဆင့်ဆင့်မှတ်၍ မြင့်မြတ်ပေတယ်၊ တင့်အပ်လှပေတယ်။

၁၄။ ခန္ဓာကိုယ်ကို ဉာဏ်စိုက်၍ကွယ်၊ အစဉ်လိုက်၍ ရှုရ မယ်။ ။စိတ်ကူးကလေး တခုပေါက်လျှင်ကွယ်၊ အမှု ရောက်ပုံ သိရမယ်။ ။လောဘ– ဒေါသ– မောဟ အကုသလ ၃–သွယ်၊ တခုခု ဖြစ်လိမ့်မယ်။ ။၂–ခုလဲ ဖြစ်နိုင်တယ်၊ ၃–ခုလဲ ဖြစ်နိုင်တယ်၊ အဆုံးမရှိ ဖြစ်နိုင် တယ်။

၁၅။ မောဟစိတ်ကူး ဖြစ်နေရင်ကွယ်၊ အစက လယ်မဲ့ ဒုက္ခ စက်ကွယ်။ ။လောဘ စိတ်ကူး ဖြစ်နေ ရင်ကွယ်၊ အလယ်က လယ်မဲ့ ဒုက္ခစက်ကွယ်။ ။ဒေါသ စိတ်ကူး ဖြစ်နေရင်ကွယ်၊ အဆုံးက ပြန်စမဲ့ ဒုက္ခစက်ကွယ်။ ။ သံသရာစက်ရဟတ် အဆက်မပြတ်တယ် လှဲပတ်နေတဲ့ ဒုက္ခစက်ကွယ်။

၁၆။ ဒုက္ခစက်ရဟတ် အဆက်မပြတ်ချင်ရင်ကွယ်၊ ဉာဏ်နှင့် ဖြတ်ရမယ်။ ။ဖြတ်ချင်တဲ့စိတ်လဲ တကယ် ရှိရမယ်၊ ဖြတ်တဲ့ဉာဏ်လဲ ရှိရမယ်။ ။ဖြတ်အောင်လဲ တကယ်

ကြိုးစားရမယ်၊ အဆုံးသတ်အောင် ပြုရမယ်။ ။မသုံး တတ်ရင် တကယ် ဘေးဖြစ်တယ်၊ သုံးတတ်လျှင်လဲ ဆေးဖြစ်တယ်။

၁၇။ ဘယ်စိတ်ကူးကူး ဖြစ်ပေါ်ရင်ကွယ်၊ ဖြစ်ပျက်ကိုပင် ရှုရမယ်။ ။မရှုမိတဲ့ စိတ်ကူးကလေးရယ်၊ ဒုက္ခစက် လည်လိမ့်မယ်။ ။ဘယ်စိတ်ကူးကူး အထူး ရှုရမယ်၊ ဖြစ်ပျက်နေပုံရယ်။ ။ဖြစ်ပျက်ဉာဏ်ကို တကယ်မှတ် လျှင်ကွယ်၊ ဒုက္ခစက်ပြတ်နိုင်တယ်။

၁၈။ စိတ်ကူးဖြစ်ပျက်ရှုနေပုံရယ်၊ မဂ္ဂသစ္စာဖြစ်ပေတယ်။ ။ လောဘစိတ်ကလေး ပယ်လိုက်ပုံရယ်၊ သမုဒယသစ္စာ ပယ်ခြင်းကွယ်။ ။ဒုက္ခစက်ရဟတ် ချုပ်ပြတ်ပုံရယ်၊ နိရောဓသစ္စာဖြစ်ပေတယ်။ ။ဖြစ်ပျက်ရှု၍သိနေပုံရယ်၊ ဒုက္ခသစ္စာ သိခြင်းဖြစ်ပေတယ်။

၁၉။ ရှုဖန်များ၍ ဉာဏ်စိတ်တဲ့ အခါဝယ်၊ ကိလေသာခြား ဝင်မခိုနိုင်တယ်။ ။ကိလေသာချုပ်တဲ့ အသိဉာဏ်ရယ်၊ နိဗ္ဗာန် မြင်နိုင်တယ်။ ။ကိလေသာတွေ ခြားမခိုရင် ကွယ်၊ ဘုရားကို မြင်နိုင်တယ်။ ။တရားရ၍ အသား ကျတယ်၊ ဘုရားသာဝက ဖြစ်ရတယ်။

## သံဝေဂဘွဲ့

ငါဆိုဒါမှန်ရပ်မျှ၊ ကြံစိတ်ကသိရုံ၊ ဉာဏ်အနိစ္စ ပြည့် စုံလျှင် တြိဘုံပြာကျ၊ သဘာဝရှုလို့ မမြင်လျှင် ပုထုဇဉ် ရှုးတဲ့ဗာလ၊ အနိမိတ် တရားဘော်ကို၊ တအားမျှော်

ယုံကြ။ အများခေါ် ပုံဃနကိုလ၊ သုညတရှုပါ။ ။အပို
ကိုကြံခါစွဲဒါကြောင့်၊ သံသာဝဲ–ခုတိုင်အောင်ကြ။ ။
ခန္ဓာမစဲ နစ်လျှက်ကြာတယ်၊ ဖြစ်ပျက်ထာ အနိစ္စမို့၊
တဆိတ်ကမ မဆင်ခြင် အနိစ္စကိုထင်။ ။ပုံမပျက်လို့
စုံမက်ခင်လျှင်၊ ဘုံနရက်ခွင် ရောက်ပါလိမ့်လေး။ ။

## ဘဝသံသရာဘွဲ့

ပဋိစ္စသမုပ္ပံ၊ ရုပ်နာမ်ဓာတ်တို့ဟာ၊ ကြောင်းကျိုး သဘာဝ၊ ထာဝရဖြစ်ပေါ်လာ။ ။မဖြစ်စေချင်ဘဲလဲ ဖြစ်နေကြဒါ ဘဝသံသရာ။ မပျက်စေချင်ဘဲလဲ ပျက်နေကြဒါဘဝသံသရာ။ ။ဖြစ်ချင်သလိုလဲ မဖြစ်ရပါ ဘဝသံသရာ။ မဖြစ်ချင်ဘဲနဲ့လဲ ဖြစ်နေရဒါ ဘဝသံသရာ။ ဇာတိနယ်ထဲ လယ်မြဲအခါခါ ဘဝသံသရာ။ (ဇရာ မရဏ အပါယ) ဘဝသံသရာ။ ။အတ္တ ငါမပြုဘ်သေးသမျှ၊ မှတ်ကြပါ အရုပ်ကလေးကဲ့သို့ ရှုပ်ထွေးလိမ့်မယ် တေးဘုမ္မာ။ အဲဒါ (၃) ဘဝသံသရာ။

# ဝိပဿနာ ယောခဉ် (၅)

၁။—ရွှေငွေ ရတနာရှင် ကုန်သည်ကြီးရယ်၊ လမ်းခရီးရောက်တဲ့ အခါဝယ်။ ။ခိုးသူတွေလျှင် ဥစ္စာလုမှာကြောင့်ရယ်၊ သူ့မှာကြောက်ပုံနှယ်။ ။ကာမဂုဏ်တွေလျှင် ပညာရှိတို့ရယ်၊ အမြင်မှန်သိပုံနှယ်။ ။ပြုခဲ့သမျှ ကုသလတွေနှင့်ရယ်၊ ယခုဘဝ ရမဲ့ကုသိုလ်ရယ်။ ။ဖျက်ဆီးပစ်ခါ လုရန်အရေးရယ်၊ ယခုအမြန် တွေးကြောက်တယ်။

၂။ တဏှာမာန ဒိဋ္ဌိအသွယ်သွယ်၊ စိတ်ရှိတိုင်း ပွားပြန်တယ်။ ။ဒုစရိုက် အသွယ်သွယ် အားပေးလို့ရယ်၊ သုစရိုက်ကို ဖျက်ဆီးတယ်။ ။သီလသမာဓိ အထက်ခရီးတို့ရယ်၊ တချက်ထည်းနှင့် ဖျက်နိုင်တယ်။ ။သဗ္ဗညုရှင် မြတ်ဘုရားမှရယ်၊ မပြတ်အား သိနိုင်တယ်။ ။ကာမဂုဏ်ဆိုတဲ့ အဆိပ်ဆိုးကိုကွယ်၊ နှိပ်ချိုးနိုင်ပေတယ်။

၃။ အဆိပ်နှင့်တူတဲ့ ကာမဂုဏ်ရယ်၊ ကမ္ဘာအစုံမှာ ပေါလှတယ်။ ။အမှိုက်သရိုက် မြက်သစ်ရွက်လိုကွယ်၊ အသစ်စက်စက်တွေလဲ ပေါပေတယ်။ ။စုံမက်လိုက်စား မိုက်မှားသူတွေရယ်၊ အမှိုက်သရိုက်လို ပေါပြန်တယ်။ ။အဆိပ်ခိုးငွေ့ တကယ်သင့်ရှိကွယ်၊ အပါယ်လွင့်ကုန်တယ်။

၄။ မဂ်ဖိုလ်ရကြောင်း ပါရမီရယ်၊ ကမ္ဘာရှည်အောင် ဝေးကုန်တယ်။ ။အဆိပ်ငွေ့ တွေဖွဲ့နှောင်ရှိကွယ်၊ တကယ့်

အမှောင်ဖုံးကုန်တယ်။ ။ရာဂစသည်မီးလောင်၍ကွယ်၊
မငြီးအောင် ဖြစ်ကုန်တယ်။ ။မကောင်းကျိုးကိုသာ
တကယ်ပေးတယ်၊ အပါယ်ဘေးက ဝိုင်းနေတယ်။

၅။ ကာမဂုဏ် ငါးပါးဆိုတာရယ်၊ ရန်သူအစင် ဖြစ်ပေ
တယ်။ ။ရန်သူအစစ်နှင့် ပေါင်းသူရယ်၊လောကီလော
ကုတ်အကျိုးယုတ်တယ်။ ။သို့ပါသောကြောင့် ဘုရား
ပစ္စေကာ ရဟန္တာလောင်းတို့ရယ်၊ ဝမ်းသာစွာ စွန့်ကုန်
တယ်။ ။သမထဝိပဿနာ ဘာဝနာတရားတို့ကိုဝယ်၊
အခါခါပွားခါ နေကြတယ်။ ။

၆။ ဝိပဿနာတရား ပွားကြဘို့ရယ်၊ တခြားကို မသွားရ
တယ်။ ။ဝိပဿနာကျမ်း အခန်းခန်းတို့ရယ်၊ဧမ်းလိုက်
တိုင်း တွေ့ရတယ်။ ။တရားအားထုတ်ရန် နေရာတို့
ဝယ်၊သေချာစွာ ပေါ်ပြန်တယ်။ ။တကယ်လုပ်မှအပါယ်
ပြုတ်မယ်၊ ဘယ်အရှုပ်မှလဲ မလာနိုင်တယ်။

၇။ ဝိပဿနာအစ,ရေးကာပြတယ်၊ရှေးကလဲမရှိပေတယ်။ ။
မျိုးတူ မျိုးခြား သဒ္ဒါပွားတယ်၊ ဘဂဝါဘုရား ပုံသို့
နှယ်။ ။အဋ္ဌကထာ ဆရာအသွင်၊ ပမာထင်တယ်၊
သာသနာဝင် တခုလုံးရယ်။

၈။ လယ်တီဆရာတော် ရွှေညာဏ်တော်ရယ်၊ ဝေကံကြီးကျယ်
တယ်။ ။သာသနာဝင်အထူးမခေပါဘူးတယ်၊ မဟော်
တဦးပုံသို့နှယ်။ ။ဘရား အလုပ်မှန် ရုပ်နှင့်နာမ်ရယ်၊

အဟုတ်အမှန်ဆဲ့ပြတယ်။ ။ဝိပဿနာရှုနည်း အသိး
သိးရယ်၊ မငြိးအောင်ခဲ့ပြတယ်။

၉။ နိဗ္ဗာန် အကြောင်းအရာကောင်းစွာပြတယ်၊တကြောင်း
တဂါထာမှလဲ မရှိပေတယ်။ ။လယ်တီဆရာတော်
မြတ်ဉာဏ်တော်ဝယ်၊ အမှန်ပေါ်၍ကွယ်။ နိဗ္ဗာနဒီပနီ
ရေးကာစီတာရယ်၊ရှေးမဟာထေရ်တို့လဲအံ့ကုန်တယ်။ ။
လယ်တီဘုရား သဒ္ဓါပွား၍ကွယ်၊ ဘဂဝါဘုရားကျေးဇူး
ဆပ်လိုက်တယ်။

၁၀။ အဘိဓမ္မာကျမ်း၊ အခန်းခန်းရယ် ဂဏာန်းက(၇၀)ကျော်
တယ်။ ။ကျမ်းနှင့် အသက် ချိန်စက်ရင်ကွယ်၊အိပ်မက်
လား မေ·သင့်တယ်။ သာသနာဝင်တွင် စာတင်ရတယ်၊
ဋ္ဌကထာရှင်ကြီးရယ်။ ။ဘုရားငယ်တဆူ ဖြစ်တော်မူ
တယ်။ ဘယ်သူမှလဲ မရှိပေတယ်။

## လယ်တီမြတ်ဘုန်းတော်ဘွဲ့

၁၁။ သာသနာနှောက်ဖျား၊ ပေါက်ဖွားကြဆူဆူ၊ယောကျာ်း
ပ ငါလိုလူ ဇမ္ဗူမှာရှာစမ်း။ အားလုံးလ အလံထူ၊စံမတူ
ထိုးတော့ဥဒါန်း။ ။ယောဂိမူထွေလာ၊ ပဒေသာဉာဏ်
ဆန်း၊ ကေသရာဉာဏ်အစွမ်းဟာမို့၊ ဈာန်လမ်းကိုပြီး
တိုင်၊ဝသီဘော်အစုံငါး အကုန်သား စိုးရပိုင်ပိုင်၊ပြဟ္မာ
အောက်ထက်မိုးခရိုင်မှာ၊ တန်ခိုးဖြိုင်ဖြိုင် အလံစိုက်လို့၊

စံလိုက်မယ်ပ အကျော်အမော် ငြိုးဘူ့ပျော်ပျော်။ ။ မိတေးသခင့် အောင်ပွဲတော်မှာ၊နောင်ရဲအမော်လုပ်စမ်း မယ်ပလေး။

## လယ်တီဆရာတော် ဘုန်းတော်ဘွဲ့

သာသနာ တဝက်နင်းလုမှ၊ ဖက်ကင်းတု ဇာနည်။ မောဂ္ဂလိ နာဂသီလို၊ မဟာထေရ်ပေါ်ဘို့၊ နရာသိဟ် သာကိမ် မှန်တယ်၊ ဗျာဒိတ်သံ ထားထင့်ကရို့။ ။ ယင်းသိုက်ခေတ် ရွယ်အရည်၊ လယ်တီကိုဆိုစို့၊ ဘုန်းကံ ဉာဏ် သမ္ဘာမျို့ပါဘိ၊ ပါရဂို့ဂုဏ်ရှင်။ ဝရဇိန်မြ အာဝုခ်ကဲ့သို့ ယထာဘုတ် စူးရှဉာဏ်မြင်။ ။သောင်း ဒိပ တိုက်ဗွေခွင်၊ မြိုက်ရေစင် ဖျန်းဆွတ်လို့၊ ပန်းကျွတ်ဆု အောင်လံထောင်၊ လွှတ်ပေါ့မဂ်ဖေါင်။ အာဏာစက် တခြားနှောင်လျှင်၊ ဘုရားတောင် ဆိုလောက်ကဲ့လေး။

၁၂။ ရုပ်နာမ်ခမ္မ ဟူသမျှရယ်၊ ဗုဒ္ဓပွင့်မှ ကြားရတယ်။ ။ ဘုန်းကံရှိမှ ကြားနာရတယ်၊ အသား ပါလှတယ်။ ရုပ်နာမ် နာရသူဟာ ဂုဏ်အစဉ် ရှိတယ်၊ မယုံလျှင် ကြည့်ပါကွယ်။ ။မျက်နှာကြီးပုံ ထင်ရှား လှတယ်။ ဘုရင်များ ပုံသို့နှယ်။

၁၃။ တရားလဲ မနာတယ်၊ ကျောင်းကိုလဲ မလာတယ်၊ ဘုရားထံလဲ မဆည်းကပ်တယ်။ ။သို့ပါသော်လဲ ဘုရားမြတ်ရယ်၊ တရားမြတ်ဆောင်ရန် လာရတယ်။ ။

မဂ်ဖိုလ်ကိုပင် တကယ် ပေးရတယ်၊ အလွယ်ကလေး ဖြစ်ပုံရယ်။ ။အံ့သြချီးမွမ်း မကုန်နိုင်တယ်၊ ဖြစ်ပုံ လွန်ဆန်းကြယ်၊၊

၁၄။ ထမင်းစားရင်း မဂ်ဖိုလ်ရပုံရယ်၊ တသက်ကို မှတ် လောက်တယ်။ ။ပုန်းနေ၍ပင် မလွတ်နိုင်အောင်ကွယ်၊ မျက်နှာကြီးပုံရယ်။ ။မမြဲဆင်းရဲ အနှစ်မရှိတဲ့ ရုပ်နာမ် ရယ်၊ အဟုတ်အမှန် ကြားရတဲ့ အတွက်ကွယ်။ ။ ပဥ္စဂ္ဂပုဏ္ဏားလင်မယားရယ်၊ ထင်ရှားလှပါတယ်။

၁၅။ သို့ပါသောကြောင့် ရုပ်နာမ် တရားရယ်၊ ဟုတ်မှန်စွာ နာဘို့ အရေးကြီးတယ်။ ။ကြားနာပြီးလျှင် အသင့် နှလုံးထားလို့ရယ်၊ အဆင့်ဆင့်သုံး၍ သွားရမယ်။ ။ အသင့်နှလုံး ထားခါ သတိကြပ်စွာ ထားလို့ရယ်၊ ဝိပဿနာ ပွားရမယ်။ ။ဝိပဿနာပွားခါ စိတ်အကြံ မြောက်မှကွယ်၊ နိဗ္ဗာန်ရောက်နိုင်မယ်။

၁၆။ ဝိပဿနာ ဆိုတာရယ်၊ ဉာဏ်အလုပ် ဖြစ်ပေတယ်။ ။ ပါရမီရှိတဲ့ ပုဂ္ဂိုလ်ရယ်၊ တရားနာရင်း ပေါက်နိုင် တယ်။ ။အိမ်ရာ တည်ထောင်နေရင်းနှင့်ကွယ်၊ အခြေ မယွင်း ရနိုင်တယ်။ ။တွေ့သမျှ အာရုံဟူသမျှတို့ရယ်၊ ဝိပဿနာချည်း ဖြစ်ကုန်တယ်။

၁၇။ ပါရမီဉာဏ် နုသူတို့ရယ်၊ အထူးအားထုတ်ယူရတယ်။ ။ အမူအရာ ကြိယာမျှရယ် စူးစိုက်ထိုးထွင်း ကြည့်ရ

မယ်။ ။ပုဂ္ဂိုလ်သတ္တဝါ သဏ္ဍာန် ပျောက်၍ကွယ်၊ ရေမြှုပ်ခဲကြီးကို မြင်ရမယ်။ ။ခန္ဓာကိုယ်တွင်း ဓာတ်အလင်း ပေါက်တဲ့အခါဝယ် ဝင်းတောက် နေပေတယ်။

၁၈။ ပထဝီဓာတ်ဆိုတာရယ်၊ မာတဲ့သဘော ဖြစ်ပေတယ်။ ။ခန္ဓာကိုယ်တွင် ဉာဏ်တင်၍ကွယ်၊ မာမှုပေါက်အောင် ကြည့်ရမယ်။ ။ခေါင်းကိုကိုင်၍ ကြည့်တဲ့ အခါဝယ်၊ မာမှု တွေ့နေတယ်။ (လက်–ခြေ) ခေါင်း ဆိုသည်မှာ ပညတ်မျှကွယ်၊ အတွင်းဓာတ်မှာ မရှိပေတယ်။

၁၉။ မိမိကိုယ်တွင် ဉာဏ်တင်တဲ့ အခါဝယ်၊ မိလောက်ရုံသာ တင်ရမယ်။ ။ပိုင်း၍ပိုင်း၍ ရှုတဲ့အခါဝယ်၊ တကိုယ်လုံး စပ်မိ လာလိမ့်မယ်။ ။တကိုယ်လုံးတွင် ထုတ်ချင်း ပေါက်၍ကွယ်၊ အလင်းဓာတ် မြင်လိမ့်မယ်။ ။အဇ္ဈတ္တကို အမြင်သန်မှကွယ်၊ ဗဟိဒ္ဓ အမြင် သန်လိမ့်မယ်။ စကြဝဠာအနန္တ မှန်သမျှဝယ်၊ ဓာတုသဘာဝ ဖြစ်ကုန်တယ်။

၂၀။ ဓာတုသဘာဝ ဖြစ်နေပုံရယ်၊ စေ့စုံစွာ မြင်တဲ့အခါဝယ်။ ။ခန္ဓာကာယ အဇ္ဈတ္တဝယ်၊ တဖြစ်ဖြစ်နှင့် ချုပ်နေတယ်။ ။ကြိုက်ကြိုက်ဆူတဲ့ ရေနွေးအိုးအတွင်းဝယ်၊ ပွက်ပွက် ဆူပွက် နေပုံနှယ်။ ။ဖြစ်ပျက် နေပုံ အစိတ်စိတ်ပြ၍ကွယ်၊ ဒိဋ္ဌမြင်ရတယ်။

၂၁။ တကိုယ်လုံးအနှံ့ ဉာဏ်ကို ဖြန့်၍ကွယ်၊ ဖြစ်ပျက်နေပုံရယ်။ ။ပျက်သမျှ ဖြည့်တယ်၊ ဖြည့်သမျှ ပျက်တယ်၊

လျှပ်တပျက်အတွင်းဝယ်။ ။ရာ ထောင် သိန်း သောင်း ပြောင်းနေပုံရယ်၊ လှုပ်ရှမှုကြဲ မြင်ရတယ်။ ။မာမှု အဆင့်ဆင့် ပြိုပျောက်ပုံရယ်၊ အလိုအလျှောက် မြင်ရ တယ်။

၂၂။ ခန္ဓာကိုယ် တခုလုံးဝယ်၊ ပထဝီပျက်ပုံ မြင်တဲ့အခါ ငယ်။ ။ကြွင်းကျန် မထင် ဟင်းလင်း အပြင်ဝယ်၊ ပျက်ပုံမြင်ရတယ်။ ။ခေတ်ကြီးလေးဝ သဘာဝရယ်၊ ဓမ္မအမှန်တွေ့ရတယ်။ ။ဒိဋ္ဌိဝိစိကိစ္ဆာ အရှင်းပျောက်၍ ကွယ်၊ အလင်းခေတ် ပေါက်တော့တယ်။

၂၃။ ဝိပဿနာ အကျင့်တရားဝယ်၊ အမြင့်အားဖြင့် ကျင့်တဲ့ ပုဂ္ဂိုလ်ရယ်။ ။၇-နှစ်အတွင်း ရဟန္တာ ဖြစ်မယ်၊ အနှေးဆုံး ကျင့်သူရယ်။ ။၇-လအတွင်း ရဟန္တာဖြစ် မယ်၊ အလတ်စား ကျင့်သူရယ်။ ။၇-ရက် အတွင်း ရဟန္တာဖြစ်မယ်၊ အမြန်ဆုံး ကျင့်သူရယ်။ ။ရဟန္တာ မဖြစ်ဘဲ တခါ ကျန်နေရင်ကွယ်။ အနာဂါမ် ဖြစ်နိုင် တယ်။ ။လောကထွဋ်ထား မြတ်ဘုရားရယ်၊ ထင်ရှား ဟောပြတယ်။

# သစ္စာဝိပဿနာ ယောခဉ် (၆)

၁။ သစ္စာတရားမသိရင်ကွယ်၊ လူဖြစ်ကျိုးမနပ်ပေတယ်။ ။
သစ္စာတရားသိတဲ့သူရယ်၊ လူဖြစ်ကျိုးနပ်လှတယ်။ ။
သာသနာဆိုတဲ့–အဆုံးအမကိုဝယ်၊ နှလုံးဟာဒယမှာ မရ
သူရယ်။ ။ဘုရားသာသနာ တွေ့ကျိုးမနပ်တယ်၊ဓလေ့
ဆိုး မပြတ်သေးတယ်။

၂။ သစ္စာတရား မသိသူရယ်၊မပြုံးနိုင်တဲ့သူဖြစ်ပေတယ်။ ။
သစ္စာတရားသိတဲ့သူရယ်၊ပြုံးနိုင်ရယ်နိုင်ပါပေတယ်။ ။
မသိပြုံး ပြုံးသူရယ်၊ အသိပြုံး ပြုံးသူရယ်၊ အပြုံး
၂–ရပ်ရှိပေတယ်။ ။မသိပြုံး ပြုံးသူရယ်၊ မဲ့ရမဲ့အပြုံး
ဖြစ်တယ်၊ တကယ့်ကို ရှုံးလိမ့်မယ်။

၃။ ဘဝသံသရာပါတဲ့ အကြွေးရယ်၊ ဘယ်လိုလုပ်၍အေးရ
မယ်။ ။ပါသမျှ ကြွေးရယ်၊ တခါမှ မအေးခဲ့တယ်၊
ဘဝတိုင်း ဆက်ခါပေးခဲ့တယ်။ ။ခန္ဓာနှင့်ဆပ်ရတယ်၊
သံသရာနှင့် ဆပ်ရတယ်၊ ဉာဏ်မဟာကပ်၍ စဉ်းစား
ကွယ်။ ။အဆပ်မတတ်လျှင်ကွယ်၊အမြတ်မရနိုင်တယ်၊
မပြတ် ထပ်ခါရှုံးဦးမယ်။

၄။ သုံးဆယ့်တဘုံ သတ္တဝါ မှန်သမျှရယ်၊ အကုသိုလ်ကင်း
သူမရှိပေတယ်။ ။ဘဝဆက်ခါပါတဲ့ အကုသိုလ်ထုရယ်၊
မဟာပထဝီ မြေထုထက် သာပေတယ်။ ။သံသရာခန္ဓာ

ဖြစ်ခဲ့သမျှရယ်၊ အကုသိုလ်ကြွေးတွေ ဝိုင်းလာတယ်။ ။ အပါယ်လေးဘုံ ရှိသမျှပစ္စည်းရယ်၊ ကိုယ်ပိုင်ဖြစ်ခါလာခဲ့တယ်။

၅။ ဘဝတိုင်းဘဝ-အကုသလ ကြွေးရယ်၊ ယခုဘဝ အေးအောင်လုပ်သင့်တယ်။ ။ကြွေးမကင်းလျှင်ကွယ်၊အေးစာရင်းမရတယ်၊ ဘယ်လိုပြေးလဲ မလွတ်ပါတယ်။ ။ ပြေးလိုက်တိုင်းကွယ်၊ အကြွေးလိုက်ဝိုင်းနေတယ်၊ ဈေးမကိုက်အောင်ဖြစ်နေတယ်။ ။ခန္ဓာဖြစ်သမျှ ကြွေးဆပ်ရတယ်၊ အအေးဓာတ် မပေါ်နိုင်တယ်။

၆။ ကြွေးဟောင်း ကြွေးကျန် မကျေနိုင်တဲ့အထဲဝယ်၊ ကြွေးသစ်တွေထပ်ခါချေးနေတယ်။ ။သားသမီးအရေး စီးပွားရေးရယ် လင်မယားရေးကလဲ အသွယ်သွယ်။ ။လောဘ ဒေါသ, မောဟကြွေးရယ်၊ ပြေမပြနိုင်အောင် ထပ်ပြီးချေးပြန်တယ်။ ။ကြွေးမျိုးစေ့ရယ် ကြွေးပင်ပေါက်လို့ရယ်၊ ကြွေးသီးတွေသီး၍ မကုန်နိုင်တယ်။

၇။ ကြွေးရင်းက အနန္တရယ်၊အတိုးကအသင်္ချေရယ်၊ အဆင်မပြေနိုင်အောင်ဖြစ်နေတယ်။ ။ဘဝတိုင်းဘဝ ဆပ်ပေးရတယ်၊ ရပ်ခဲ့ရတယ် အေးခဲ့ရတယ် မရှိပါတယ်။ ။ အရင်းလဲ မပြေတယ်၊ အတိုးလဲ မကျေတယ်၊ အညွန့်အခက်တွေထပ်ဝေတယ်။ ။ဒါ,သီ,ဘာ,နှင့် ဆပ်ပေး၍ကွယ်၊ ခဏကလေးရပ်နေတယ်။

၈။ ကိလေသာကျန်လျှင် ခန္ဓာရှိတယ်၊ ခန္ဓာရတော့ ကံပြုတယ်။ ။ကံပြုလျှင်ကွယ် ကံကပို့တယ်၊ ဟိုပို့-ဒီပို့ရောက်ပြန်တယ်။ ။ကြွေးယူတဲ့ပုဂ္ဂိုလ်ရယ်၊ကြွေးရှင်လုပ်သမျှရယ်၊ အဟုတ်ပင်ခံရတယ်။ ။သံသရာတခွင် ကြင်လည်သမျှရယ်၊ ကြွေးဘုရင် ဖြစ်ခဲ့တယ်။ ။ကြွေးဟောင်းလဲမပြုတ်တယ်၊ကြွေးသစ်လဲရှုပ်နေတယ်၊ သံသရာဇလုပ်တွင်မြုပ်ဦးမယ်။

၉။ သောတာပန်ဖြစ်တဲ့ ပုဂ္ဂိုလ်ရယ်၊ ခုနစ်ဘဝ ကြွေးဆပ်ရဦးမယ်။ ။သကဒါဂါမ်ဖြစ်တဲ့ ပုဂ္ဂိုလ်ရယ်၊ တဘဝ ကြွေးဆပ်ရဦးမယ်။ ။အနာဂါမ် ရဟန္တာဖြစ်တဲ့ ပုဂ္ဂိုလ်ရယ်၊ အကြွေးဆပ်ရန် ကင်းတော့တယ်။ ။ကြွေးကင်းမှုရယ်၊ အေးခြင်းရှတယ်၊ ဘေးကင်းရာအစစ် ဖြစ်ပေတယ်။

၁၀။ သစ္စာတရား သိတဲ့သူရယ်၊ ကြွေးတွေ အားလုံးကျေနိုင်တယ်။ ဘယ်ဘဝမှ မဆပ်ရတယ်၊ တကယ်ပပြုတ်တော့တယ်၊ အလယ်ရပ်၍သွားတော့တယ်။ ။အင်္ဂုလိမာလသာဓကထားလို့ရယ်၊ ဘဂဝါဘုရား ပြခဲ့တယ်။ ။ကြွေးကင်း၍ကွယ် ဘေးရှင်းသွားတယ်၊ အေးခြင်းရောက်၍သွားတော့တယ်။

၁၁။ မိတ်ကောင်းမရတဲ့ ပုဂ္ဂိုလ်ရယ်၊ စိတ်ပြောင်းတတ်ပေတယ်။ ။မိတ်ကောင်းရှိတဲ့ ပုဂ္ဂိုလ်ရယ်၊ စိတ်ကောင်းတည်နိုင်တယ်။ ။ဆင်းရဲနေသူတွေရယ်၊ မကောင်းမှုပြုသူတွေရယ်၊ မိတ်ကောင်းမရခဲ့၍ ဖြစ်ပေတယ်။

ချမ်းသာသူတွေရယ်၊ နိဗ္ဗာန်ရသူတွေရယ်၊ မိတ်ကောင်း ရခဲ့၍ဖြစ်ပေတယ်။

၁၂။ လမင်းထွက်တဲ့အခါဝယ်၊ တိမ်တွေလွင့်သွားတယ်။ ။ အရောင်အဆင်း ပြောင်ပြောင်ဝင်းတယ်၊ ထွန်းလင်း တောက်ပတယ်။ ။မမှေ့မလျော့ တရားကျင့်တဲ့ အခါ ဝယ်၊ အမှားတွေ လွင့်သွားတယ်။ ။ကုသိုလ်ထုက အားကြီး၍ကွယ်၊ အမှားကြီးတွေလွင့်ကုန်တယ်။

၁၃။ သစ္စာမသိတဲ့ ပုဂ္ဂိုလ်ရယ်၊ သာသနာပသူ ဆိုရတယ်။ ။ သစ္စာသိသူ ပုဂ္ဂိုလ်ရယ် သာသနာ့ အတွင်းသူ ဆိုရ တယ်။ ။သစ္စာတရားဆိုတာရယ်၊ကြားနာဘို့ရန် ခဲယဉ်း တယ်။ ။ဘုရားပွင့်မှ ကြားခွင့်ရတယ်၊ တရားအမြင့်ဖြစ် ပေတယ်။

၁၄။ သစ္စ, ကိစ္စ, ကတ, ခေါ်တယ်၊ ဉာဏ် ၃-ပါး ရှိပေ တယ်။ ။ထို ဉာဏ် ၃-ပါးမရသူရယ်၊ သံသရာသမုဒ်ပြင် ဝယ်။ ။မျက်ရေစက်လက် ဆုံးကွက်မမြင်တယ်၊ ဒုက္ခ ဒုဒယ်ကြီးမားတယ်။ ။အလွန်တရာနက်တဲ့ ချောက် ကမ်းပါး ကျသူထက်ဝယ်၊ ကြောက်ဘွယ် ကောင်းလှ တယ်။

၁၅။ ငါးမိုင်ကျယ်တဲ့ ရေကန်ကြီးဝယ်၊ ရေတွေ ပြည့်နေ တယ်။ ။သမန်းမျက်နဲ့ ထုတ်ယူတဲ့ အခါဝယ်၊ ပါတဲ့ ရေက နဲလှတယ်။ ။သစ္စဉာဏ် မသိတဲ့ ပုဂ္ဂိုလ်ရယ်၊ ကြုံရတဲ့ဒုက္ခတွေရယ်။ ။ရေကန်ထဲကရေသို့ များတယ်၊ ကြောက်ဘွယ်ကောင်းလှတယ်။

၁၆။ သစ္စဉာဏ် မသိတဲ့ ပုဂ္ဂိုလ်ရယ်၊ သံသရာ့ သစ်ငုတ် ဖြစ်လိမ့်မယ်။ ။ဘယ်လိုလုပ်၍မှ အေးကွက် မမြင်တယ်၊ ထွေးရှုက် လိမ်နေတယ်။ ။ဒုက္ခစက်ဝဲဇလုပ်ဝယ် အမြဲမြုပ်မယ်၊ ဆွဲထုတ်ရင်လဲ မျောလိမ့်မယ်။ ။ကျွတ်လမ်းလွတ်လမ်း ရှာမရနိုင်တယ်၊ သာသနာမရှိ၍ ဖြစ်လေတယ်။

၁၇။ သိ၊ ပယ်၊ ဆိုက်၊ ပွား၊ လေးပါးအချက်၊ တပြိုင်နက်ရယ်၊ သိပုံဆန်းကြွယ်တယ်။ ။တခုစီ တခုစီ သီးခြားမလုပ်ရတယ်၊ ထီးဘုရား သာသနာဝယ်။ ။မီးဇာကုန်တယ်၊ ဆီကုန်ခမ်းတယ်၊ အမှောင် ပျောက်၍ အလင်းရောက်ပုံနှယ်။ ။မီးထွန်းတဲ့အခါ တပြိုင်နက်လင်းပုံရယ်၊ သစ္စာသိပုံ တူလှတယ်။

# ခန္ဓဝိပဿနာ ဟောစဉ် (၇)

၁။ တိုင်တွင် ကြိုးချည်ထားတဲ့ ခွေးကလေးရယ်၊ လယ်ပတ် ကလေးလဲ ရှိပေတယ်။ ။ရုံးလို့လဲ မရတယ်၊ ပတ်ချာ လယ်တယ်၊ ပျော်မွေ့ နေနိုင်တယ်။ ။တိုင်နားတွင် စား၍၊ တိုင်နားတွင် အိပ်ရတယ်၊ အငြိမ်အကြေးပုံတွင် နေရတယ်။ ။ချည်တိုင် ပတ်လယ် လှည့်ကာ နေရ တယ်၊ ဘယ်ကိုမှ မသွားနိုင်တယ်။

၂။ ထို့တူမခြား သတ္တဝါများရယ် ခန္ဓာချည်တိုင်ဝယ်။ ။ သက္ကာယဒိဋ္ဌိ ကြိုးနှင့်ချည်တယ်၊ တဏှာလှည့်ပတ်နေရ တယ်။ ။တရစ်ပတ်ပတ် ဆုံးမသတ်တယ်၊ ရုံးလတ် မရနိုင်တယ်။ ။အငြိမ်အကြေး ပေါ်တွင် မျောကြ၍ ကွယ်၊ နေရသေရ မဆုံးနိုင်တယ်။

၃။ တိုင်ကြိုးလယ်ပတ် မဖြုတ်ဘဲရယ်၊ ရုံအမျိုးမျိုး ပြောင်း တဲ့ ဆပ်ကပ်ပွဲသဖွယ်။ ။ပုံပန်းသဏ္ဌာန် ပြောင်း၍ လာတယ်၊ သဘောမှာ မထူးပေတယ်။ ။ထို့တူ မခြား ပုံအလားရယ်၊ သတ္တဝါအများဝယ်။ ။ဘဝ အမျိုးမျိုး ဇာတ်အမျိုးမျိုးရယ်၊ မပြတ်တိုးခါ လာခဲ့ တယ်။

၄။ ပုတယ် ရှေတယ် မတ်တတ် သွားတယ်၊ မှောက်ရက်လဲ သွားပေတယ်။ ။ကန့်လန့် သွားတယ်၊ ပြန်၍ သွား

တယ်၊ ကိုးယိုကားယားသွားခဲ့တယ်။ ။ဘ၀အမျိုးမျိုး စုံနေပုံရယ်၊ ရှက်ဖွယ် ကောင်းလှတယ်။ ။မရဘူးတဲ့ စည်းစိမ်ရယ်၊ မဖြစ်ဘူးတဲ့ ဘ၀ရယ် ကမ္ဘာမှာ မရှိပါ တယ်။

၅။ သာသနာကြုံတဲ့အခါဝယ်၊ ချည်တိုင်ပြုတ်အောင် လုပ်ရ မယ်။ ။ကြိုးပြတ်ဘို့ရယ်၊ လယ်ပတ် ပြုတ်ဘို့ရယ်၊ တကယ်ပင် ပြုလုပ်ရမယ်။ ။အခွင့်ကောင်း အခါ ကောင်း မနှောင်းစေနှင့်ကွယ်၊ အကြောင်း သင့်လှ တယ်။ ။ကြာအောက်ကဖား ကြာစွယ် မစားရပုံသို့ နှယ်၊ သတိပြုသင့်တယ်။

၆။ သာသနာ ကြုံတဲ့အခါဝယ်၊ ကြားမြင် များအောင် ပြုရမယ်။ ။ကြားမြင် များတဲ့ ပုဂ္ဂိုလ်ရယ် အမှား အစဉ် ပျောက်လိမ့်မယ်။ ။အမှားအစဉ် ပျောက်တဲ့ ပုဂ္ဂိုလ်ရယ်၊ အရိယာသာ၀က ဖြစ်နိုင်တယ်။ ။ အသုတဝါ ပုထုဇ္ဇနော သုတဝါ အရိယသာဝကော၊ ဘုရားဟောတယ်၊ တရားသဘောမြင်လို့ ဖြစ်ပေတယ်။

၇။ ကြားမြင် မရှိတဲ့ ပုဂ္ဂိုလ်ရယ်၊ ခွေးနေ ခွေးသေ ဖြစ်ရ မယ်။ ။နေချင်သလို နေ၍ သေချင်သလို သေမယ်၊ အခြေအနေမကျ ဖြစ်နိုင်တယ်။ ။အရိယာ သာဝက ဖြစ်သူများရယ်၊ အနေကောင်း အသေကောင်း ဖြစ် ပေတယ်။ ။မြင့်မြတ်ရာနှင့် တင့်အပ်ရာ အရပ်များဝယ်၊ မပြတ်အား ဖြစ်ရမယ်။

၈။ မြင့်မြတ်ကြဘို့ အလုပ်များရယ်၊ အဟုတ်အား ကျင့်ရမယ်။ ။ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏရယ်၊ သဘာဝသက်သက် ကြည့်ရမယ်။ ။သူ့သဘောကိုသာ သူဆောင်နေတယ်၊ ဘယ်သူ့သဘောမှ မဆောင်ပေတယ်။ ။ခန္ဓာငါးတန် ရုပ်နာမ်သဘောရယ်၊ ဟုတ်မှန်တိုင်း ပေါ်ပြတယ်။

၉။ ရူပက္ခန္ဓာ ဆိုတာရယ်၊ ဖောက်ပြန်မှု အစု ဖြစ်ပေတယ်။ ။ဝေဒနက္ခန္ဓာ, ဆိုတာရယ်၊ ခံစားမှု အစု ဖြစ်ပေတယ်။ ။သညာက္ခန္ဓာ, ဆိုတာရယ်၊ မှတ်သားမှု အစု ဖြစ်ပေတယ်။ ။သင်္ခါရက္ခန္ဓာ, ဆိုတာရယ်၊ ပြုပြင်စီရင်မှု ဖြစ်ပေတယ်။ ။ဝိညာဏက္ခန္ဓာ, ဆိုတာရယ်၊ သိမှုအစု ဖြစ်ပေတယ်။

၁၀။ အစုငါးဝ သဘာဝမယ်၊ ပုဂ္ဂိုလ်သတ္တ မရှိပေတယ်။ ။သူရယ် ငါရယ် ဆိုတာရယ်၊ ဘာမျှ ရှာလို့ မရပါတယ်။ ။ဘယ်လိုနည်းမှ မယုံကြနှင့်ကွယ်၊ သုညသာ ဖြစ်ပေတယ်။ ။အနှစ်မပါ ဘလာအတိကွယ်၊ သာရမရှိ ဖြစ်ပေတယ်။

၁၁။ သတိမှတ်၍ ကြည့်တတ် သူရယ်၊ သေမင်း ခံတွင်း လွတ်ကင်းတယ်။ ။သုညဆိုတာ တကယ်ရှင်းရင်ကွယ်၊ အပါယ်ကလဲ ကင်းနိုင်တယ်။ ။ဖြစ်ပြီး ပျက်တယ် ရှာမရတယ်၊ ဘာကမှလဲ မရှိပါတယ်။ ။တကယ် ရှိဒါ အဟုတ်အမှန် ပြရင်ကွယ်၊ ရုပ်နာမ်သဘာဝ ဖြစ်ပေတယ်။

၁၂။ ကြည့်ရင်း ရှုရင်း ယုံကြရင်ကွယ်၊ သုညတချည်း ဖြစ်ကုန်တယ်။ ။ဒိဋ္ဌိတဏှာ ကိလေသာတို့ရယ်၊ ငြိပွေ့စရာ ကင်းကုန်တယ်။ ။ဒေါသ, မောဟ, ဣဿာ တို့ရယ်၊ စိတ်မှာ ဖြစ်ဘို့လဲ မရှိပါတယ်။ ။တဏှာ, ဥပါဒါန်, ကံ, ဇာတ်တို့ရယ်၊ အမှန်ကပ်လို့လဲ မရနိုင်တယ်။

၁၃။ ကြည့်ရင်း ရှုရင်း တကယ်မြင်ရင်ကွယ်၊ အပါယ်ခွင် သွားဘို့လဲ မရှိပါတယ်။ ။ငါ သူ လူနတ်ဆိုတာရယ်၊ မြူမှုံ လောက်မျှလဲ ရှာမရတယ်။ ။ဖြစ်တယ်ပျက်တယ်၊ ပျက်တယ်ဖြစ်တယ်၊ အသစ်အသစ် ဖြစ်နေတယ်။ ။ ကြာလေ ရှာလေ ဘာတွေမှ မတွေ့ရတယ်၊ အာကာသတွေ ဖြစ်ကုန်တယ်။

၁၄။ ကြည့်ရင်းရှုရင်း အမှန်မြင်ရင်ကွယ်၊ ဉာဏ်တွင် ရှင်းကုန်တယ်။ ။ဘာတခုမှ အလုံးအခဲ ဆိုတာရယ်၊ မြဲတယ် ဆိုတာလဲ မရှိပါတယ်။ ။ဖောက်ပြန်, ခံစား, မှတ်သား, စီမံ, အသိဉာဏ် အချက်တို့ရယ်၊ တပွက်ပွက်နဲ့ ဖြစ်နေတယ်။ ။တစီစီ တပွက်ပွက် ဖြစ်ပျက်နေပုံရယ်၊ ရေပွက်ပုံသို့ မြင်ရတယ်။

၁၅။ ဖြစ်ပျက်ရှုပုံ အမြင်မှန်ရင်ကွယ်၊ အစဉ်ဉာဏ်တွေ ရနိုင်တယ်။ ။ဉာဏ်တွေရတဲ့ ပုဂ္ဂိုလ်ရယ်၊ အသံတွေလဲ ပြောင်းလာတယ်။ ။နေပုံ ထိုင်ပုံ အလုံးစုံ တို့ရယ်၊ အကုန် ပြောင်းကုန်တယ်။ ။မှိုင်ငိုရာ သောက်တည်ရာ သက်သာရာ ရတယ်၊ မျက်နှာလဲ လန်းပေတယ်။

# မဂ္ဂဝိပဿနာ ဟောစဉ် (၈)

၁။ ဘဝသံသရာ ဖြစ်ရာဘဝဝယ်၊ ဆရာကောင်း မိတ်ကောင်း ရှာကြတယ်။ ။ဘယ်လိုရှာလဲ မတွေ့နိုင်၍ကွယ်၊ ယနေ့တိုင် လာခဲ့တယ်။ ။သံသရာအစဉ် အပါယ်ခွင်ဝယ်၊ တကယ်ပင် ဒုက္ခခံခဲ့ရတယ်။ ။ဘယ်လိုခံလဲ ဆုံးချက်မပါတယ်၊ ရုံးလျှက် လာခဲ့ရတယ်။

(အဇာတသတ်သည် ဆရာ မိုက်ကြောင့်၊ ဓနပါလ သူဌေးသား မိတ်မိုက်ကြောင့်၊ ကဿပဘုရား လက်ထက် သူဌေးသား ၄-ဦးတို့ မိတ်ဆွေ မိုက်တွေကြောင့် ငရဲသစ်ငုတ် သံသရာ့သစ်ငုတ်ဖြစ်ခါ မဂ်ဖိုလ် ဆုတ်ယုတ်ကြပုံ ပြပါ)

၂။ ရေစီးမြစ်တွင် မျောတဲ့သူရယ်၊ အားထား မှီတွယ်စရာ မရှိရင်ကွယ်။ ။မျောချင်သလို မျော၍ ဝဲဇလုပ်တွင်းဝယ်၊ မြုပ်ချင်သလို မြုပ်ရလိမ့်မယ်။ ။ထို့တူမခြားသူငါများရယ်၊ သံသရာ့ ရေယာဉ် ကျောဝယ်။ ။မှီခိုအားထားစရာ ရှိရင်ကွယ်၊ မြုပ်မြဲ မျောမြဲ အတောမသတ်တယ်။

၃။ အားထား မှီခိုစရာဆိုတာရယ်၊မဂ္ဂင်ဘောင်ကြီး ဖြစ်ပေတယ်။ ။ဘယ်လှိုင်းပုတ်လဲ မမြုတ်နိုင်တယ်၊ အဟုတ်ခိုင်လှတယ်။ ။ဘယ်လေတိုက်လဲ မလိုက်ပါချင်တယ်၊ အမြိုက်ယာဉ်ဖြစ်ပေတယ်။ ။သမ္မတ္တနိယာမ ဘုရားပြတယ်၊ အားရလောက်ပေတယ်။

၄။ သံသရာ ကမ္ဘာတခုလုံး၀ယ်၊ အမြတ်ဆုံး ယာဉ်ကြီး ဖြစ်ပေတယ်။ ။နိဗ္ဗာန်ကမ်းထက် လှမ်းတက်နိုင်တယ်၊ မှန်းချက် ပိုင်နိုင်တယ်။ ။ဤယာဉ်ကြီးမှ မစီးသူရယ် အချီးနှီးဖြစ်တော့မယ်။ ။ဒုက္ခယဉ်ကျော အစဉ်မျောမယ်၊ ဒလဟော တိုက်ချခံရမယ်။

၅။ မဂ္ဂင်ဘောင်ကြီး မစီးသူရယ်၊ သေမင်း အခွန်ဆက်ရမယ်။ ။ဘ၀တိုင်းဆက်၍ အားမရသူရယ်၊ တားမရအောင် မိုက်သူဖြစ်ပေဘယ်။ ။လိမ်မာသူများ မဆက်ကြတယ်၊အထက်ထက် ဉာဏ်ရ၍ဖြစ်ပေတယ်။ ။အမြတ်ဆုံးယာဉ်ရယ်၊ မပြတ်သုံးလျှင်ကွယ်၊ မြက်ဘုန်းအရှင်ထံ ရောက်နိုင်တယ်။

၆။ အဝိဇ္ဇာမှိုင်းချက် မိနေသူရယ်၊ ကာမဂုဏ်၌ ပျော်မွေ့တယ်။ ။လင်မယား သားသမီး ပစ္စည်း အသွယ်သွယ်၊ ခင်တွယ်မက်မောတယ်။ ။မစင်မကြယ်စိတ်စော၍ကွယ်၊ အိပ်မောကျနေတယ်။ ။ရေယာဉ်ဩဃ တိုက်ဆွဲချမယ်၊ သေမင်းဆွဲယူခံရတယ်။

၇။ သေမှာအမှန် သိတဲ့သူရယ်၊ မသေလမ်းကို ရှာရမယ်။ ။သိပါလျက်နဲ့ မရှာသူရယ်၊ သေအောင်မိုက်သူ ဆိုရတယ်။ ။အသေလွတ်အောင်ပို့တဲ့ တရားရယ်၊ မဂ္ဂင်ရှစ်ပါး ဖြစ်ပေတယ်။ ။အားထားမှီခိုစရာ အမှန်စစ်တယ်၊ ဓမ္မံသရဏံ ဖြစ်ရမယ်။

၈။ ကိလေသာနှင့် ခန္ဓာမီးရယ်၊ အမှန်မကျွာ ငြိုးရမယ်။ ။ ဘဝတိုင်း ဘဝ လောင်မြိုက်လှုတယ်၊ ခေါင်ခိုက်လာခဲ့တယ်။ ။ပါသမျှကုသိုလ်တွေ ပြာဘဝရောက်ကုန်တယ်၊ သာရမရှိပုံ ထင်ရှားတယ်။ ။ဟိုဆု–ဒီဆု တောင်းကြပြန်တယ်။ အကြောင်းမှန် နားမလည်၍ဖြစ်ပေတယ်။

၉။ ခွေးဝဲစားရဲ့ နေပုံကလေးရယ်၊ တနေကုန်ရှုကြကွယ်။ ။ တချိန်ကလေးမှ အငြိမ်မနေရတယ်၊ ဣန္ဒြေ မရနိုင်တယ်။ ။ဝဲယားနာက အရှိန်မသေ၍ကွယ်၊ အငြိမ်မနေနိုင်ပုံဥပမာရယ်။ ။ကိလေသာ ယားနာ အရှိန်မသေ၍ကွယ်၊ အငြိမ်မနေနိုင်ပုံ သိရမယ်။

၁၀။ မနက်လင်းလျှင် အငြိမ်မနေနိုင်၍ကွယ်၊ အိမ်မှာ မနေရတယ်။ ။ဟိုသွား–ဒီသွား သွားကြရတယ်၊ အလုပ်ကိုယ်စီနှင့်ကွယ်။ ။ကိလေသာ ယားနာထလာ၍ကွယ်၊ ခန္ဓာဒုက္ခဖြစ်ပုံရယ်။ ။လောင်စာနှင့်မီး အမြဲလှောင်၍ကွယ်၊ တလောင်ထဲ လောင်မြိုက်ခံရတယ်။

၁၁။ လောင်စာသိမ်း၍ မီးငြိမ်းမှကွယ်၊ မုချ ချမ်းသာမယ်။ ။ လောင်စာသိမ်း၍ မီးငြိမ်းရာဝယ်၊ နိဗ္ဗာန်ချမ်းသာ ဖြစ်ပေတယ်။ ။မီးငြိမ်းတဲ့နေရာရောက်ချင်ရင်၊ မဂ္ဂင်အလုပ်လုပ်ရမယ်။ ။ဘေးကင်းပြန်တယ်၊ အေးခြင်းမှန်တယ်၊ ရွှေးစာရင်း အမှန်ဖြစ်ပေတယ်။

၁၂။ မဂ္ဂင်အလုပ် ဆိုရာဝယ်၊ မှန်သောအမြင် ဖြစ်ပေတယ်။ ။ မှန်သော အကြံရယ် မှန်သောစကားရယ်၊ မှန်သော

အလုပ်ရယ်။ ။မှန်သော အသက်မွေးခြင်းရယ်၊မှန်သော အားထုတ်ခြင်းရယ်၊ မှန်သော အောက်မေ့ခြင်းရယ်။ ။ မှန်သော တည်ကြည်ခြင်းရယ်၊ ရှစ်ပါးရှိတယ်၊ မဂ္ဂင် ရှစ်ပါး ဖြစ်ပေတယ်။

၁၃။ သစ္စာလေးတန် သိမြင်မှုရယ်၊ မှန်သောအမြင် ဖြစ်ပေတယ်။ ၊ကာမဂုဏ်မှ ထွက်မြောက်ရန် အကြံရယ်၊ သမ္မာသင်္ကပ္ပဖြစ်ပေတယ်။ ။ဒုစရိုက် ၄-ပါး ကင်းတဲ့ စကားရယ်၊ သမ္မာ ဝါစာ ဖြစ်ပေတယ်။ ။ဒုစရိုက် ၃-ပါးကင်းတဲ့အလုပ်ရယ်၊သမ္မာကမ္မန္တ ဖြစ်ပေတယ်။ ။ ဒုစရိုက်ကင်းတဲ့ သက်မွေးခြင်းရယ်၊ သမ္မာ အာဇီဝဖြစ်ပေတယ်။ ။အကုသိုလ်ပယ်တယ်၊ကုသိုလ်တွယ်တဲ့ အားထုတ်ခြင်းရယ်၊ သမ္မာ ဝါယမ ဖြစ်ပေတယ်။ ။သတိပဋ္ဌာန် အမြင်မှန်ရင်ကွယ်၊ သမ္မာသတိ ဖြစ်ပေတယ်။ ။ဈာန် သမာဓိရယ်၊ ဝိပဿနာ သမာဓိရယ်၊ သမ္မာသမာဓိ ဖြစ်ပေတယ်။ ။လောင်စာသိမ်း၍ မီးငြိမ်းတဲ့ လုပ်ငန်းရယ်၊ မဆုတ်တန်း ကျင့်ရမယ်။

၁၄။ သမ္မာဝါစာ, သမ္မာကမ္မန္တ, အာဇီဝရယ်၊ သီလဖြစ်ပေတယ်။ ။သမ္မာဝါယမ,သမ္မာသတိ, သမာဓိရယ်၊သမာဓိ ဖြစ်ပေတယ်။ ။သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, ဤနှစ်ဖြာ ရယ်၊ ပညာဖြစ်ပေတယ်။ ။သီလ,သမာဓိ,ပညာဆို တာရယ်၊ မဂ္ဂင်ရှစ်ပါးဖြစ်ပေတယ်။

၁၅။ မဂ္ဂင်ရှစ်ပါး ယာဉ်ရထားရယ်၊ မြတ်ဘုရားယာဉ်ဖြစ်ပေတယ်။ ။၂၄-သခ်ျာ ပိုလ်ခြေများစွာ သတ္တဝါတွေရယ်၊

မြတ်ဘဂဝါ ခေါ်သွားတယ်။ ။ဗြဟ္မာ့ယာဉ်ရယ်၊ ဓမ္မ
ယာဉ်ရယ်၊ ကမ္ဘာ့တခွင် အမြတ်ဆုံးဖြစ်ပေတယ်။ ။
ကိလေသာ စစ်ပွဲ အနန်နဲ့ရယ် တခါထဲ အောင်နိုင်တယ်။

၁၆။ မဂ္ဂင်ရှစ်ပါး ဤတရားရယ်၊ မြတ်ဘုရား ဟောပြတယ်။
မိစ္ဆာမဂ္ဂင်ရယ်, သမ္မာမဂ္ဂင်ရယ်၊ နှစ်စားရှိပေတယ်။ ။
မိစ္ဆာမဂ္ဂင်ရှိတဲ့သူရယ်၊ မိစ္ဆာမဂ္ဂင်ရှိတဲ့သူချင်း ပေါင်းကြ
တယ်။ ။မစင်နဲ့ချွေး အညစ်အကြေးတို့ရယ် သူတို့ချင်း
ပေါင်းသလိုတူပေတယ်။ ။

၁၇။ သမ္မာမဂ္ဂင် ရှိသူရယ်၊ သမ္မာမဂ္ဂင်ရှိသူချင်း ပေါင်းကြ
တယ်။ ။နို့ရည် ထောပတ် ပျားဆီတို့ရယ်၊ သူတို့
အချင်းချင်းပေါင်းသလိုကွယ်။ ။ယုတ်သောစိတ်ထား
ရှိသူချင်းရယ်၊ ယုတ်သူအချင်းချင်း ပေါင်းကြတယ်။ ။
မြတ်သောစိတ်ထား ရှိသူချင်းရယ်၊ မြတ်သူအချင်းချင်း
ပေါင်းကြတယ်။

၁၈။ ထွက်မြောက်, တည်ခိုင်, မြင်နိုင်, ကြီးကဲ, ဤလေး
တွဲရယ်၊ သုခလမ်းကြောင်း ဖြစ်ပေတယ်။ ။ကြာလေ
ကောင်းလေ ဟောင်းလေ သစ်လေကွယ်၊ ဇမ္ဗူရဇ် ရွှေ
သို့နှယ်။ ။စတုသစ္စဉာဏ် ပြည့်စုံသူရယ်၊ ဗုဒ္ဓသစ္စာခံ
ဖြစ်ပေတယ်။ ။နတ်ဘဝတွင်ဝယ် အမြတ်ရမယ်၊ မှတ်
တရ အရိယာ ဖြစ်လိမ့်မယ်။

၁၉။ လင်မယား သားသမီး ပစ္စည်းဥစ္စာရယ်၊ အားကိုးရာမရှိ
ပါတယ်။ ။သေခါနီးလျှင် နောက်ဆုံ လျှင် ကွယ်၊

ချောက်ထဲ တွန်းချခံရမယ်။ ။ညွှ်သည်အတွက် အပူကြီး ပူတယ်၊ ကိုယ့်အတွက်တော့ မပူသေးတယ်၊ တလူလူအေးနေတယ်။ ။သာသနာ့ခေတ်မှ အမေ့ထူလျှင်ကွယ်၊ တနေ့လူဖြစ်ရန် ခက်လိမ့်မယ်။

## မ အ ကြ ပါနဲ့

အ,ပြန်ရင်လဲ အောက်ကျတတ်တယ်။ ။န,ပြန်ရင်လဲ နောက်ကျ တတ်တယ်။ ။အောက်ကျ နောက်ကျ ထောက်ဆပါ တကယ်။ ။ဝိပဿနာ ဉာဏ် မလှစ်က၊ မောင်ကျန်ရစ် (မယ်ကျန်ရစ်) ဖြစ်ရပါလိမ့်မယ်။

## ရွှေဘုံပေါ်မှာ စံရ-စံရ

ရွှေဘုံပေါ်မှာစံရတော့၊တရားမသိလျှင်ရင်လေးတယ်၊ တဲအိုပျက်မှာ နေစေတော့ တရားသိလျှင် ရင်အေးတယ်၊ နေရေး သေရေး အစဉ်တွေး၍ ရင်အေးအောင် ကြံကြစေချင်တယ်။ ။(မြင်) ရာမှာ ငါမလုပ်နဲ့၊ နာမ်နှင့်ရုပ် ဖြစ်ချုပ် ရှုရမယ်။

(ကြား, နံ, စား, တွေ့, ကြံ တို့၌ နည်းတူရှုပါ)။

## မသိသူကျော်သွား-သိသူဖေါ်စား

မသိသူကော့လဲ ကျော်သွားကြသနော်။ ။သိသူတွေလဲ ဖေါ်စားကြသနော်။ ။ကျော်သွား ဖေါ်စား စဉ်း

စားပါသော်။ ။ဝိပဿနာ ဘာဝနာ တရားကို ကျော် ကာမသွားနဲ့ ဖေါ်ကာစားကွှဲ၊ ဘဘုရားရှဲ သာသနာ့ အာဏာတော်။

## ပစ်တိုင်း ထောင်

တရားမသိခင်ကတော့ ယောင်တောင်ဘောင်၊ အပူ ကောင်။ ။တရားသိတော့မှ မပူပေါင်၊ ဒို့မျှားအအေး ကောင်။ ။မေးမနေနဲ့တော့ အမောင် နောက်နောင်၊ တွေးမနေနဲ့တော့ ပြောင်ပြောင် ကြောင်ကြောင်၊တရား ကိုင်းတဲ့ ဘုရားဂိုဏ်း ပစ်တိုင်းထောင်။

# ဝိပဿနာ ဘောဇဉ် (၉)

၁။ ဘဝသံသရာ ကမ္ဘာတလွှားဝယ်၊ ဝါကြွား၍သာ နေခဲ့တယ်။ ။သူဌေး သူကြွယ် မင်းစိုးတို့ရယ်၊ စာရင်း အမျိုးမျိုး လာပေတယ်။ ။သို့ပါသော်လဲ တရားမြတ် မထင်၍ကွယ်၊ ဘုရားမြတ် မမြင်ခဲ့တယ်။ ။ကမ္ဘာ ကုဋေ အသက် ရှေသော်လဲကွယ်၊ နံ့ရက် ပြေမှာသာ ကြာခဲ့တယ်။

၂။ သံသရာတွင် ကျင်လည်ခဲ့သမျှဝယ်၊ ဘရမ်းဘတာ ဖြစ်ခဲ့တယ်။ ။ကောင်းကင် ရေမြေ အထွေထွေ တို့ဝယ်၊ အခြေအနေရ ဖြစ်ခဲ့တယ်။ ။အကောင်း တဘာဝ မကောင်း အနန္တရယ်၊ ကြံဆလို့ဘဲ မရနိုင်တယ်။ ။အို နာ သေ မဆုံး ဝဲသစ်တုံးနှယ်၊ ဆုံးစ မမြင်ဘွယ် ချာချာလယ်။

၃။ သင်ဒုံး ဒါးသွား ပျားရေစက်ထားတယ်၊ လျက်လျှင် ချိုရဲ့လားကွယ်။ ။လျှာထက်ချမ်း ဖြန်းဖြန်း ကွဲမယ်၊ ဆင်းရဲဒါ စံမပြု နိုင်တယ်။ ။သုခ တခဏ ဒုက္ခ အသင်္ချေရယ်၊ အဆင်မပြေတဲ့ သံသရာကွယ်။ ။အထင်မှား အမြင်မှား အစဉ်မှား၍ကွယ်၊ ဘုရားအဆူဆူ လွဲခဲ့တယ်။

၄။ သံသရာမှာ ကျင်လည် ရသမျှဝယ်၊ ကောင်းကွက် မရှိပေတယ်။ ။အရှုးနေ နေ၍ အရှုးသေ သေတယ်၊

ရတနာသိရိ ၁၇-၉

ထူးပေ ဆန်းပေတယ်။ ။အရမ်းသွား၍ အရမ်းမြင်တယ်၊ စွမ်းအင်လဲ မရှိပေတယ်။ ။ဖြစ်ချင်သလိုဖြစ်၍ နစ်ချင်သလို နစ်တယ်၊ ဒုက္ခဝဲတွင် ဆင်းရတယ်။

၅။ ခရီးလမ်းက ကြမ်းလှပေတယ်၊ ဇွတ်တိုးသွားရတယ်။ ။မျက်စိနှစ်လုံး စုံကွယ်၍ကွယ်၊ ဘုံအသွယ်သွယ် သွားခဲ့တယ်။ ။သဘာဝက လာပြပေတယ်၊ နာကြ သေကြတယ်။ ။ရောဂါအမျိုးမျိုး တိုးသထက် တိုးတယ်၊ ဆိုးလိုက်တဲ့ ဖြစ်ပုံရယ်။

၆။ အရှုးရောဂါ သဲလွန်း၍ကွယ်၊ ဘုရားတွေ လှဲခဲ့တယ်။ ။ဆေးကောင်း တွေကို ဘယ်လို တိုက်သော် လဲကွယ်၊ တကယ်ကို သဘော မပါတယ်။ ။နဂိုစိတ် ပျောက်အောင် ရူးနေတဲ့ အရူးရယ်၊ ဆေးထူးနှင့် မရပါတယ်။ ။ကြိုက်ကြိုက် မကြိုက်ကြိုက် အတင်း တိုက်၍ကွယ်၊ စာရင်းကိုက်အောင် လုပ်ရမယ်။

၇။ တရားနာရင်း စဉ်းစားတဲ့အခါဝယ်၊ အရှင်းသား ပေါ်လာတယ်။ ။အရူးစိတ်တွေ ပျောက်တော့ မလိုရယ်၊ ကြောက်ပေါ့ ကြောက်ပေါ့ ဖြစ်လာတယ်။ ။အိမ်ပြန်ရောက်လျှင် နှစ်ဦးမမြင်တယ်၊ ဝက်ရူး ဝင်လာပြန်တယ်။ ။ထကြွဆူပွက် အမူပျက်တယ်၊ သွက်သွက် လယ်ပြန်တယ်။

၈။ လင် မယား သား သမီး အနားကပ်တဲ့ အခါဝယ်၊ တရားမြတ်တွေ မေ့ကုန်တယ်။ ။သေတဲ့ အခါပင်

အိပ်နေသလို ဟုကွယ်၊ စိတ်ကို ဖြေကြတယ်။ ။အိမ်ထောင်ကျ၍ သွားတာကိုကွယ်၊ မျှားစွာနှစ်သက်နေပေတယ်။ ။ဒုက္ခရောက်နေတာကိုပင် အထူးနှစ်သက်တယ် ရှူးချက်နာလှတယ်။

၉။ ရှူးတာရှူးမှန်း သိနေရင်ကွယ်၊ ဆေးတွေအောင် ရှာရမယ်။ ။အရှူးပျောက်တဲ့ ဆေးထူးကလေးရယ်၊ မဝေးဘူး ရှိပေတယ်။ ။မအားသေးတယ် စိတ်မချသေးတယ်၊ တဆိတ်ကမှ မတွေးနှင့်ကွယ်။ ။အချိန်ဆဲ့၍ ရိုးမယ်ဖွဲ့ လျှင်ကွယ်၊ အဆိုးနယ် တွေ့ရမယ်။

၁၀။ ဆေးမတွေ့ခင် မိပဋ္ဌာရယ်၊ သိသာစွာ ရှူးနေတယ်၊ အဝတ်လဲမကပ် အစာလဲမစားတယ်၊ သနားစရာဖြစ်နေတယ်။ ။တမြို့လုံးလှဲ့တယ်၊ သွက်သွက်လယ်လယ် ခက်လှပါပေတယ်။ ။ထင်သလိုသွား ထင်သလို နေတယ်၊ ပင်ကိုယ်စိတ်တွေ ပျောက်နေတယ်။

၁၁။ လင်ကို မြွေကိုက် သားကြီးရေမျောတယ်၊ သားငယ်စွန်ချီတယ်။ ။စိုးရိမ်ပူဆွေး ငိုကြွေးရတယ်၊ အလိုလေးတ ရတယ်။ ။ရင်တွင်းနှလုံးတွင်း ပူလှပါတယ်။ ဘာသူမှ မကယ်နိုင်တယ်။ ။သောက ပရိဒေဝ ဒုက္ခ ဒေါမနဿရယ်၊ ဉပယာသသို့ ရောက်လာတယ်။ ။နှလုံးသွေးမမှန် ချာချာလယ်၊ ကမ္ဘာဝယ် ရှူးသွားတယ်။

၁၂။ အဘယ်အကြောင်းကြောင့် ရှူး၍နေတယ်၊ အထူးအခြေကြည့်ရမယ်။ ။ငါ့လင် ငါ့သား ထင်မှား၍ ကွယ်၊ အပြင် ပသို့ ရောက်သွားတယ်။ ။လင်သား ဆိုဒ၊

အပြင်ခန္ဓာကွယ်၊ အသင်မှန်စွာကြည့်ရမယ်။ ။အပြင်ခန္ဓာ အထူးမက်၍ကွယ်၊ ရှုးချက်နာလှတယ်။

၁၃။ အရှုးအဟုတ် ပျောက်ချင်ရင်ကွယ်၊ အထူးအလုပ်လုပ်၍ ကြည့်ရမယ်။ ။သညာ, စိတ္တ, ဒိဋ္ဌိ, အလိမ်ခံရပုံတို့ရယ်၊ ကြိမ်ကြိမ် ဖန်ဖန် ကြည့်ရမယ်။ ။လွဲစားချက်များ မပယ်ဖျက်နိုင်ရင်ကွယ်၊ တကယ်လက်မှိုင်ချရမယ်။ ။ အတိတ်သံသရာ အဖန်ဖန် မှားခဲ့ငုံ့တွေရယ်၊ ဝိပ္ပလ္လာသ ကြောင့် ဖြစ်ပေတယ်။

၁၄။ သညာလွဲစားပုံ သဘာဝရယ်၊ လယ်တွင် မြက်ရုပ်ပုံတူ တယ်။ ။တောသမင်တွေ လူထင်မှတ်၍ကွယ်၊ ဘာသူ မမြင်အောင် ပြေးကြတယ်။ ။မျက်စိလယ်တဲ့ သူများ ပုံနှယ်၊ ကြောင်ကြောင် မြင်လျှက် မှတ်မှားတယ်။ ။ အနိစ္စ-ဒုက္ခ-အနတ္တ-အသုဘ အစုအမှန်တို့ရယ်၊ တခု မကျန် လွဲကုန်တယ်။

၁၅။ စိတ္တ ဝိပလ္လာ လွဲစားပုံရယ်၊ မျက်လှဲ ဥပမာတူပေတယ်၊ မြေကို ရွှေထင်အောင် လွဲစားတတ်တယ်၊ တကယ်အား စိတ်ထင်တယ်။ ။သစ်ငုတ်ကိုပင် လူထင်ပေတယ်၊ ချုံ ပုတ်ကို ဆင်ထင်တယ်။ ။အနိစ္စ-ဒုက္ခ-အနတ္တ-အသုဘ အစုအမှန်တို့ရယ်၊ တခုမကျန် လွဲကုန်တယ်။

၁၆။ ဒိဋ္ဌိ ဝိပလ္လာ လွဲစားပုံရယ်၊ ဘီလူးမြို့ကို နတ်မြို့ထင် တယ်။ ။သွားလာဝင်ထွက် အစဉ်မက်ကြလို့ကွယ်၊ တ သွင်သွင် အသက် ပျောက်ကုန်တယ်။ ။ရုပ် နာမ် ဟုတ်မှန် မြင်ပါလျှက်ကွယ်၊ မဟုတ်မမှန် ယူစွဲကုန်

တယ်။ ။အနိစ္စ–ဒုက္ခ–အနတ္တ–အသုဘ အစုအမှန်တို့ရယ်၊ တခုမကျန် လဲ့ကုန်မယ်၊

၁၇။ ပဥ္စာစရိ အရှုးအနှမ်းရယ်၊ ထူးဆန်းလှပေတယ်။ ။မြတ်ဘုရား ရှေ့ရောက်သောအခါဝယ်၊ တရားဟောပြတယ်။ ။အို ချစ်သွီးမယ်ပဥ္စာရယ်၊ တကယ်ပူသလားကွယ်။ ။သူများအတွက် ပူပန်ချက်ရယ်၊ကိုယ့်အတွက်ပါ ရှဲလားကွယ်။

၁၈။ ကိုယ့်အတွက်တော့ မပူဘဲရယ်၊ သူများအတွက် ပူချက်ရယ်။ ။သင့်,စိတ်,ဒိဋ္ဌိ, အလိမ်ဒဏ်ရယ်၊ အကြိမ်ကြိမ်ခံရခြင်းကွယ်။ ။လှည့်စားချက်ကို အမှန်တွက်၍ကွယ်၊ ဉာဏ်နှင့်ပယ်ဖျက်ကွယ်။ ။မိမိခန္ဓာမှာ အဟုတ်ဉာဏ်တင်၍ကွယ်၊ ရုပ်နာမ်မြင်အောင်ကြည့်ရမယ်။

၁၉။ ရုပ်နာမ်မမြင်တဲ့ ပုဂ္ဂိုလ်ရယ်၊ ရူးနှမ်း မပျောက်သေးတယ်။ ။မျောက်–ငြုပ်ဆို ထိုင်မိပုံနှယ်၊ အငြိမ်နေလို့မရပေတယ်။ ။ငြိမ်ငြိမ်ထိုင်တဲ့ ကိုယ်အလုပ်ခွင်ဝယ်၊ အဟုတ်မဝင်နိုင်တယ်။ ။ကိုယ်အကျိုးရှိဘို့ပင် အထူးမမက်တယ် ရူးချက်ပြင်းလှတယ်။

၂၀။ အရူးပျောက်တဲ့ဆေးတခွက်ရယ်၊ တွေးလျက် သောက်ရမယ်။ ။ဆေးရှိပါလျက် မသောက်သူရယ်၊ဆေးအတွက် မဟုတ်ပေတယ်။ ။ဆရာကောင်းက ဆေးပေးနေတယ်၊ အေးအေးမနေသင့်တယ်၊ ။အနာနှင့်ဆေးကိုက်အောင် ပေးနေတယ်၊ ပြေး၍ယူရတယ်။

၂၁။ ခန္ဓာကိုယ်တွင်ဉာဏ်စိုက်ရှုကြွယ်၊ မာမှုကလေးတွေ့ရယ်။ ။ မာမှုဆိုတဲ့ ပထဝီရယ်၊ သဘော သက်သက် ဖြစ်ပေတယ်။ ။ပုဂ္ဂိုလ် သတ္တဝါ သူငါမရှိတယ်၊ ဘယ်သူ ဘယ်ဝါလဲမရှိပေတယ်။ ။မြဲဒါ, ချမ်းသာဒါ, အစိုးရဒါ ရှာမတွေ့တယ်၊ သဘာဝဓမ္မလေ့ဖြစ်ပေတယ်။

၂၂။ တကိုယ်လုံးကို ဉာဏ်တင်ကြည့်ရင်ကွယ်၊ ဥပါဒ်, ဋ္ဌီ, ဘင်, တွေ့ရမယ်။ ။မာမှုသဘာဝဆိုဒါ အနိစ္စရယ်၊ ဒိဋ္ဌပြနေတယ်။ ။ဖြစ်ပျက်နေတယ်၊ ပျက်မစဲ ဖြစ်နေတယ်၊ တဆက်ထဲ ပျက်နေတယ်။ ။မှီခိုအားထားစရာ အပြီး မတွေ့တယ်၊ ငြီးငွေ့ ပျင်းမုန်းခြင်းဖြစ်ပေတယ်။

၂၃။ ရှုစိတ် အရှုခံ သဘောအစစ်တို့ရယ်၊ တသောသောဖြစ်နေတယ်။ ။သင်္ခတရား အသွင်သွင် သွားနေတယ်၊ ဆင်ခြင် စဉ်းစားကြရမယ်။ ။ငြိမ်းရအေးရ–သဘာဝဓမ္မတို့ရယ်၊ နိဗ္ဗာန်အသင်္ခတဖြစ်ပေတယ်။ ။အပျက်မြင်၍ မပျက်ဒါမြင်တယ်၊ ဆင်းရဲဒါမြင်၍ ချမ်းသာဒါမြင်တယ်၊ ဝမ်းသာတို့အစဉ် ဖြစ်ပေတယ်။

# ဝိပဿနာ ဟောစဉ် (၁၀)

၁။ သာသနာတွင်း သက်ဆင်းရတယ် ကြုံလဲကြုံခဲ့တယ်။ ။
ကြုံပါသော်လဲ ပြုခဲလှတယ်၊ ကုသိုလ်အမျိုးမျိုးရယ်။ ။
သတိရလို့ သိဘို့ကောင်းတယ်၊ ဒုလ္လဘာသာသနာဝယ်။ ။
အခွင့်သာခိုက် ပြုထိုက်လှတယ်၊ သုစရိုက်မှန်သမျှရယ်။

၂။ တွေ့ခဲ ဆုံခဲ ကြုံခဲပေတယ်၊ လူ့ဘောင် လူ့ဘဝရယ်။ ။
အချိန်ကောင်းလို့ အနှောင်းမခံသင့်တယ်။ အမြင့်သာသာ
နာဝယ်။ ။အချိန်လွန်မှ နောင်တရမယ်၊ ကိုယ့်ဘဝ
ဖြစ်ပုံရယ်။ ။နေ့စဉ်တွေး၍ စစ်ဆေးသင့်တယ်၊နေရေး
သေရေးရယ်။

၃။ မှန်ကိုမြင်ဘိ သင်ကြည့်တဲ့အခါမယ်၊ ဘယ်လိုမြင်သလဲ
ကွယ်။ ။သင့်ပုံရှိတိုင်း မဆိုင်းမြင်တယ်၊ အပိုအမိုမရှိ
ပါတယ်။ ။သံသရာစခမ်း သွားရာလမ်းဝယ်၊ ဤနည်း
ယူရမယ်။ ။မိမိပြုတိုင်း မဆိုင်းသွားရမယ်၊ ကောင်း
မကောင်း နှစ်လမ်းဝယ်။

၄။ ဘုံကောင်း ဂုဏ်ကောင်း ကြုံကောင်း ကြုံနေတယ်၊ငါတို့
ဘဝမယ်။ ။သိကြကြည့်ကြစို့အောင်ရယ်၊ ငါတို့ဖြစ်
ပုံရယ်။ ။လိမ်ကြ ကောက်ကြ ဖေါက်ပြန်ကြရင်ကွယ်၊
နောက်ပြန်သွားဦးမယ်။ ။ဆရာမထား ငါတကားနေ
လျှင်ကွယ်၊ မဟာအမှားနှင့်ကြုံရမယ်။

၅။ လောကီစီးပွား ရှာငြားကြတယ်၊နေ့စဉ်နေ့တိုင်းရယ်။ ။
သံသရာစီးပွား ဒို့ကားမရှာတယ်၊မေ့လျက်နေပုံရယ်။ ။
ဘယ်စီးပွားက အားထားရမယ်၊ ဘဝသံသရာဝယ်။ ။
သေချာတွေး၍ စစ်ဆေးကြကွယ်၊ အေးအေး မနေ
သင့်တယ်။

၆။ အိုနာ သေရေး ရှုပ်ထွေးလှတယ်၊ လူ့ဘဝခန္ဓာဝယ်။ ။
ဘာကိုတွေး၍ သင်ငေးနေတယ် အမြင်ဝေးလှတယ်။ ။
သံသရာစီးပွား ကြီးပွားဘို့ရယ်၊ နည်းများရှိသမျှ ပြုသင့်
တယ်။ ။စိုက်မျိုးပါမှ အကျိုးရမယ်၊သီးမျိုးပုံသို့နှယ်။

၇။ လေးသင်္ချေနှင့်တသိန်းကမ္ဘာရယ်၊ ဘဝအသွယ်သွယ်။ ။
ပါရမီအထူး ဆည်းပူးခဲ့တယ်၊ဗုဒ္ဓမြတ်စွာရယ်။ ။သဗ္ဗညု
ခိုင် ဗောဓိ မဏ္ဍိုင်ဝယ်၊ အပိုင်ရခဲ့တယ်။ ။ငှဝေဘို့ရယ်
ဓမ္မအမွေတို့ရယ်၊ တွက်ရေမရနိုင်တယ်။

၈။ ကျောသား ရင်သား မခွဲခြားတယ်၊ ကရုဏာထားခဲ့
တယ်။ ။ဆင်းရဲ ချမ်းသာ မရွေးပါတယ်၊ ဂုဏ်ရှိ မရှိ
ကွယ်။ ။လေးဆဲ့ငါးဝါ ပေးဝေခါရယ်၊ ကိုယ်တိုင်
များခဲ့တယ်။ ။ကျန်ရှိသူတွေ ငှဝေဘို့ရယ်၊နှစ်ရှေထား
ခဲ့တယ်။

၉။ ကောင်းသော အမွေရယ်၊ သာ၍ကောင်းသော အမွေ
ရယ်၊ အကောင်းဆုံး အမွေရယ်။ ။အမွေသုံးစား
ဘုန်းဘုရားရယ်၊ သုံးစားဘို့ရန် ထားခဲ့တယ်။ ။
အကောင်းဆုံး အမွေ ရနိုင်သူရယ်၊ အလုံးစုံ အမွေ

ပိုင်နိုင်တယ်။ ။စိတ်ချရတယ်၊ ဒိဋ္ဌဓမ္မ ပြတယ်၊ အနိဋ္ဌ ဖလ ကင်းတော့တယ်။

၁၀။ သီလအမွေရယ်၊ သမာဓိအမွေရယ်၊ ပညာအမွေရယ်၊ ကမ္ဘာ့ကမ္ဘာတွင် မတွေ့ခဲ့သော်လဲကွယ်၊ ယနေ့တွေ့နေတယ်။ ။ပညာ အမွေရနိုင်သူရယ်၊ အလုံးစုံ ပိုင်တော့တယ်။ ။အပါယ်ကင်းတယ်၊ တကယ်ရှင်းတယ်၊ ဘယ်စာရင်းမှလဲ မညှဉ်းနိုင်တယ်။

၁၁။ ပညာအဆင့်ဆင့် အသိဉာဏ် ရင့်ဘို့ရယ်၊ ပဓာန မူရင်းဖြစ်ပေတယ်။ ။ပညာနယ်တွင်း သက်ဆင်း သူရယ်၊ အဆင့်ဆင့် မြင့်တော့တယ်။ ။လောကီကို ခွါချင်၍ကွယ်၊ ဘာဝနာအစဉ် မွေ့နိုင်တယ်။ ။ခရီးမှန်တယ် အလုပ်မှန်တယ်၊ အဟုတ်အမှန် လမ်းဆုံးတယ်။

၁၂။ ပညာအဆင့်ဆင့် အတန်းမြင့်သူရယ်၊ ရဟန်းမြတ်ဂုဏ် ယုံကြည်တယ်။ ။မတုန်မလှုပ်တယ်၊ ဂုဏ်အဟုတ် သာပုံရယ်၊ အကုန်ထုတ်၍ ကြည်ညိုတယ်။ ။အဆိုးမဖက် ရှာတယ်၊ တိုးတက်လာတယ်၊ အဖိုးအနဂ္ဃ ထိုက်လာတယ်။ ။အမွေအနှစ် ချမ်းသာဘို့ အစစ်ရယ်၊ ဝမ်းသာစွာ ဖြစ်ရမယ်။

၁၃။ ဝိပဿနာ အလုပ်ဆိုတာရယ်၊ ဉာဏ်အလုပ် ဖြစ်ပေတယ်။ လောကီအလုပ် ဟူသမျှနှင့်ရယ်၊ တွဲဘက် လုပ်နိုင်တယ်။ ထေရိကာရယ်၊ ခုဇ္ဇုတ္တရာရယ်၊ အင်္ဂုလိမာလ ရယ်၊ တရားရပုံ သာဓကတို့ရယ် ကမ္ဘာကသိကြတယ်။

ရတနာသိရိ ၁၇-၁၀

၁၄။ ဝိပဿနာအလုပ် လုပ်သူရယ်၊ နိဗ္ဗာန်နီးသူ ဖြစ်ပေတယ်။ ဝိပဿနာအလုပ် ကင်းသူရယ်၊ နိဗ္ဗာန်ဝေးသူ ဖြစ်ပေတယ်။ နိဗ္ဗာန်ရောက်ရန် မရောက်နိုင်ရယ်၊ ထောက်ခံကြည့်ရမယ်။ ။သာသနာတွေ့လို့မှ ဝိပဿနာမလုပ်ရင်ကွယ်၊ အဝီစိ ထပ်ခါသွားရလိမ့်မယ်။

၁၅။ ဝိပဿနာ အလုပ် လုပ်သူရယ်၊ ခန္ဓာကိုယ် ဉာဏ်စိုက်ရမယ်။ ။ရင်ဝ, ဝမ်းဗိုက်, ငယ်ထိပ်, နဖူးတို့ဝယ်၊ တကယ်စိတ် စူးစိုက်ရမယ်" ။ထိုလေးနေရာ အထူးတို့ဝယ်၊ ရင်ဝကို ဉာဏ်စိုက်ကွယ်။ ။ဘယ်မှ မရွေ့အောင် စိတ်ကို တင်း၍ကွယ်၊ ရုပ်နာမ်ဆင်ခြင်ရမယ်။

၁၆။ အတွင်းတရား မစဉ်းစားသူရယ်၊ စာရင်းမှားလိမ့်ဦးမယ်။ ။အမြင် အကြိုက် အပြင်လိုက်သူရယ်၊ အစဉ်တစိုက်လှဲ့ဦးမယ်။ ။အဇ္ဈတ္တ ခန္ဓာ ဉာဏ်မပါရင်ကွယ်၊ သံသရာလယ်ဦးမယ်။ ။အတွင်းဓမ္မ အလင်းရမှကွယ်၊ စာရင်းလှပေလိမ့်မယ်။

၁၇။ ပထမရှုစဉ် ပညတ်မြင်သော်လဲကွယ်၊ အစဉ်ဆက်၍ ရှုရမယ်။ ။ကြာကြာရှုတဲ့ အခါဝယ်၊ ပညတ်လုံးဝပျောက်တော့တယ်။ ။ပရမတ်စစ် အာရုံ ဖြစ်ပျက် ပုံရယ်၊ အလုံးစုံ ပေါ်တော့တယ်။ ။ကိလေသာစိတ်ညစ်ဖြစ်ခွင့်မပေါ်တယ်၊ ဝိပဿနာအစစ် ဖြစ်တော့တယ်။

၁၈။ အဇ္ဈတ္တ ခတ်စု ဖြစ်ပျက်မှုရယ်၊ တခုမကျန် မြင်ရတယ်။ ။မာမှုအဆင့်ဆင့် ပျောက်ကွယ် လွင့်တယ်၊

နောက်ဆွယ်လဲ မရှိပေတယ်။ ။ရိပ်ရိပ်သဲသဲ ဗလဗွာ ကြဲတယ်၊ မိုးဖွဲ့ရွာသလို ဖြစ်နေတယ်။ ။ဆီအိုး ဆူပွက်သလိုကွယ်၊ ရေပွက် ပွက်သလိုကွယ်၊ နှင်းကျ နေသလို မြင်ရတယ်။

၂၉။ သတိ သမာဓိ အားကောင်း ဘိရင်ကွယ်၊ ဖြစ်ပျက် ကောင်းစွာမြင်ရတယ်။ ။ဖြစ်ပျက်နေပုံ မြင်ရမှုရယ်၊ သဘာဝအစု ဖြစ်ပေတယ်။ ။ဖြစ်ပျက်တွေ့ရင် ဉာဏ် အစဉ် အဆက်ဆက်တိုးရယ်၊ အမှန်ပင် တက်၍လာပေ တယ်။ ။မဂ်ဉာဏ် ဖိုလ်ဉာဏ် ဆိုတာရယ်၊ ဝိပဿနာ ဉာဏ်၏ အထွဋ်အထိပ်ကွယ်။

## စားသာပါတယ်

ကိုရင်ကလေးငယ်ငယ် နာမ်ရုပ် ရှုတတ်တယ်။ ။ဝိသာခါ ကလေးငယ်ငယ် နာမ်ရုပ် ရှုတတ်တယ်။ ။အဲဒါကြောင့် ငယ်ပေမယ်လို့ စားသာပါတယ်။ ။ကြီးပေမဲ့လဲ မှားနိုင် ပါ တယ်။ ။ငယ်-ကြီး-ထီး-မ-အဆိုး-အလှ-မရွေးချယ်။ ။ ရုပ်နှင့်နာမ် ဘာဝနာတရားကို၊ အဟုတ်အမှန် အခါခါ ပွားမှ ဘုရားသာသနာမှာ စားသာပါလိမ့်မယ်။

# ဝိပဿနာ ဟောစဉ် (၁၁)

၁။ ဘုရားပွင့်ခါ သာသနာရယ်၊ ကောင်းစွာ တွေ့နေတယ်။ ။ဇမ္ဗူတခေတ် လူအဖြစ်ရယ်၊ နမူနာဖြစ်ဘို့ ရနေတယ်။ ။ရခဲလှစွာ မြတ်ဥစ္စာရယ်၊ ကောင်းစွာ ရနေတယ်။ ။ငါလိုလူမျိုး မော်ကွန်းထိုးမယ်၊ တန်ခိုး ကြီးနိုင်တဲ့ အချိန်ကွယ်။

၂။ သီလဆိုဒါ စင်ကြယ်အောင် စောင့်၍ကွယ်၊ အသင် တကယ်ဖြောင့်ရမယ်။ ။သမာဓိဆိုဒါ အခါခါစစ်၍ ကွယ်၊ ဘာဝနာဖြစ်အောင် လုပ်ရမယ်။ ။ဝိပဿနာ ဆိုဒါ အဟုတ်အမှန် မြင်၍ကွယ်၊ ရုပ်နာမ် ထင်အောင် လုပ်ရမယ်။ ။ဘဝကင်းရာ နိဗ္ဗာန်ခရီးရယ်၊ စိတ်ကြံ တိုင်း ပြီးနိုင်တယ်။

၃။ ညဉ့်နက် သန်းခေါင်တွင်းကို ရှောင်နိုင်ရင်ကွယ်၊ နေ့ကို ပို၍ရှောင်နိုင်တယ်။ ။ဘယ်လိုလုပ်၍ တွင်းထဲကျမယ်၊ စာရင်းဘဲ မချနိုင်တယ်။ ။ကာမနယ်ဘောင် လူဝဋ္ဋ ကြောင်မှုရယ်၊ သာသနာ့ဘောင် ရောက်တဲ့ အခါ ဝယ်။ ။ကာမနယ်တွင်း ဘယ်လိုဆင်းမယ်၊ တကယ်ကို စဉ်းစား၍ မရပါတယ်။

၄။ ဘုရားအဆူဆူ ပွင့်တော်မူခဲ့တယ်၊ ကမ္ဘာ့ ကမ္ဘာဝယ်။ ။ သို့ပါသော်လဲ ကျန်၍နေခဲ့တယ်၊ ငါတို့ ဖြစ်ရချက် ရယ်။ ။အဘယ် အကြောင်းကြောင့် ကျန်နေခဲ့တယ်၊

သိဘိုကောင်းလှတယ်။ ။အကျင့်မမှန်လို့ မရကြတယ်၊ သိဘိုကောင်းလှတယ်။

၅။ အကျင့်မှန်ကို ယနေ့ တွေ့ရတယ်၊ ဒို့ကံ ကောင်းလှတယ်။ ။ကိုယ်တိုင် ကိုယ်ကျ ကျင့်ကြံမှုရယ်၊ နိဗ္ဗာန်ရလိမ့်မယ်။ ။သို့ပါသော်လဲ တဏှာ အောက်ဆဲ့လို့ရယ်၊ မဟာချောက်ထဲ ကျနေတယ်။ ။ရနိုးနိုးနှင့် မြှော်ကိုးလို့ရယ် ကုန်းပြင် မတက်နိုင်တယ်။

၆။ လမ်းအမျိုးမျိုးက စမ်းသော်လဲကွယ်၊ ကမ်းကိုမတက်နိုင်တယ်။ ။ကုန်အမျိုးမျိုးပြောင်းကြ၍ကွယ်၊ ရောင်းသလိုဖြစ်နေတယ်။ ။ချမ်းသာအမျိုးမျိုး မြှော်ကိုး၍ကွယ်၊ အကျင့်အမျိုးမျိုး ကျင့်ခဲ့တယ်။ ။သို့ပါသော်လဲ ချမ်းသာရာမရောက်သေးတယ်၊ ကုန်းပြင်မတက်နိုင်သလိုဖြစ်နေတယ်။

၇။ အကျင့်အမျိုးမျိုးစုံခဲ့ပေတယ်၊ ဘဝသံသရာဝယ်။ ။လူနတ်ပြဟ္မာ အခါခါဖြစ်ခဲ့တယ်၊ ကမ္ဘာ့ကမ္ဘာဝယ်။ ။သို့ပါသော်လဲ လုပ်သမျှအရေးရယ်၊ ဒုက္ခမအေးသေးတယ်။ ။သူခ အစစ်အမှန် မရပြန်၍ကွယ်၊ ဒုက္ခဒဏ်ချည်း ခံရတယ်။

၈။ ဒုက္ခ အစစ်အမှန် အချက်မသိ၍ကွယ်၊ မျက်စိလယ်နေတယ်။ ။ဟိုနယ် ဒီနယ် ပြောင်းရွှေ့ နေတယ်၊ အကောင်းမတွေ့ပေတယ်။ ။အပြောင်းရပ်မှ အကောင်းကပ်မယ်၊ ငြင်းအရပ်မယ်။ ။မပြောင်းရမဲ့ ရပ်နာမ်တရားကိုကွယ်၊ အဟုတ်အမှန်ပွားရမယ်။

၉။ ရုပ်နာမ်ဆိုတာ ပွားမှမြင်တယ်၊ မပွားရင် မမြင်နိုင်တယ်။ ။ရုပ်နာမ်မြင်မှဖြစ်ပျက်မြင်တယ်၊ အသစ်အသစ်ဆက်နေတယ်။ ။အပျက်မြင်မှ အချစ်ပျောက်မယ်၊ အမုန်းရောက်နိုင်တယ်။ ။အမုန်းရောက်လျှင် ဆုံးအောင်ပွားရမယ်၊ နိဗ္ဗာန်ရောက်နိုင်တယ်။

၁၀။ ဒီခေတ် ဒီအခါ ဝိပဿနာကိုကွယ်၊ သတိကပ်ခါကျင့်ရမယ်။ ။သေလွန်သွားတဲ့ ဆွေမျိုးတွေရယ်၊ အခြေဆိုးလှတယ်။ ။သေသူကို ရှင်သူတဟုကွယ်၊ အစဉ်မှုချခဲ့တယ်။ ။ဓမ္မလဲကောင်းတယ်၊ ဘဝလဲကောင်းတယ်၊ ခဏကောင်းဖြစ်ရန် ကြိုးစားရမယ်။

၁၁။ ကုသိုလ်ဆိုဒါ ကောင်းကျိုးပေးတယ်၊ မကောင်းကျိုးမပေးနိုင်တယ်။ ။သို့ပါသော်လဲ မကောင်းတဲ့ အချက်တို့ရယ်၊ အကြောင်းဆက် ရှာရမယ်။ ။ကုသိုလ်ပြုလျှင် ကိလေသာ ဝင်၍ကွယ်၊ ညိပွေ့ရှုပ်ထွေး အကျိုးပေးတယ်။ ။ကိလေသာချုပ်ရာ နိဗ္ဗာန် တရားကိုကွယ်၊ စိတ်သန့်သန့် ထား၍ပြုရမယ်။

၁၂။ ညစ်ပေနေတဲ့ ကြေးဖလားရယ်၊ မကျည်းမှည့်နှင့်တိုက်ရင်ကွယ်။ ။အညစ်အကြေး ကင်းလျက်နေတယ်၊ ဝင်းလက်နေပေတယ်။ ။ခဏခဏ တိုက်ပေးလျှင်ကွယ်၊ အမြဲဝင်းလက်နေပေတယ်။ ။ကုသိုလ်ဓမ္မ ခဏခဏ ပြုလျှင်ကွယ်၊ ကိလေကင်းစင် ဝင်းလက်မယ်။

၁၃။ မီးဖိုသုံးတဲ့ လက်နှိုးစုတ်ရယ်၊ ရေတွင်လျှော်ဖွတ် ကြရင်ကွယ်။ ။အကြိမ်ကြိမ် လျှော်လျှင် ဖြူစင်လှတယ်၊

လူတွင် မြင်ရ သကဲ့သို့ကွယ်။ ။သံသရာ ပါလာတဲ့ အကုသလ အငြိစ်အကြေး တွေရယ်၊ ဝိပဿနာ ရေနှင့် ဆေးလျှင်ကွယ်။ ။ကိလေကင်းလျှက် ဝင်းလက် လိမ့်မယ်၊ စာရင်းထွက် မှန်လိမ့်မယ်။

၁၃။ အင်္ဂုလိမာလဖြစ်ပုံရယ်၊ စံနစ်ကုန် ကြည့်သင့်တယ်။ ။ အမေကိုပင် သတ်ရန် လိုက်တယ်၊ တကယ်ကို မိုက်လှတယ်။ ။သို့ပါသော်လဲ မြတ်ဘုရားကကွယ်၊ ဝိပဿနာ တရားပြတဲ့ အခါဝယ်။ ။အပြစ်ကြီးတွေ ရှင်းရှင်း ပျောက်တယ်၊ ဝင်းဝင်းတောက်နေတယ်။

## မုန့်လုံးရေပေါ်

အလိမ်မိတဲ့ တကာကြီးတွေနော်၊ အလိမ်မိတဲ့ တကာမကြီး တွေနော်၊ ပွဲရှုပါတော့ နာမ်ရုပ်နှစ်ဖော်။ ။သာသနာ့ပွဲတော် နွှဲခါပျော်။ ။အမြဲမပျော် မယုံမှန်းက၊ ငရဲမှာနော် အကုန်ပုန်းရလိမ့်မယ်၊ ကြည့်လိုက်ကြ မုန့်လုံးရေပေါ်။

## အထက်မီး အောက်မီး

မရှိပြန်ရင်လဲ တောင့်တ၍ပူ။ ။ရှိပြန်ရင်လဲ ကြောင့်ကြ၍ပူ။ ။မရှိတောင့်တ ရှိကြောင့်ကြပူ။ ။သြော်....လူ့ အထက်မီး အောက်မီး မုန့်နှင့်တူ။

# ဝိပဿနာ ယောခဉ် (၁၂)

၁။ သံသရာဝဋ်ဆင်းရဲ အနဲနဲရယ်၊ အမြဲတစေ ခံခဲ့တယ်။ ။ အိုနာသေမှု အစုစုရယ်၊ ယခုတိုင် မဆုံးနိုင်တယ်။ ။ အဘယ် အကြောင်းကြောင့် မဆုံးနိုင်တယ်၊ သိဘို့ ကောင်းလှတယ်။ ။အယောနိသော မနသိ၊ နှလုံး မတည်၍ကွယ်၊ ယခုတိုင် မဆုံးနိုင်တယ်။

၂။ အယောနိသော ဆိုတာရယ်၊ မသင့်တာ မမှန်တာ ဆိုလိုတယ်။ ။မနသိကာရ ဆိုတာရယ်၊ စိတ်နှလုံး ထားခြင်း ဖြစ်ပေတယ်။ ။မမြဲ, ဆင်းရဲ, အစိုးမရ, အသုဘ အချက်တို့ရယ်၊ တခုမှ တဲ့အောင် မစဉ်းစားတယ်။ ။မြဲတယ်, ချမ်းသာတယ်, အနှစ်သာရ,သုဘဟု ကွယ်၊ ယူဆထားခြင်း ဖြစ်ပေတယ်။

၃။ ယောနိသော ဆိုတာရယ်၊ သင့်တာ မှန်တာ ဆိုလို တယ်။ ။မနသိကာရ ဆိုတာရယ်၊ စိတ်ထားတတ်ခြင်း ဖြစ်ပေတယ်။ ။မမြဲ, ဆင်းရဲ, အစိုးမရ, အသုဘ အချက်တို့ရယ်၊ တခုကမှ မလွဲအောင်ကွယ်။ ။အမှန် အတိုင်း နှလုံးသွင်းတည်မှုရယ်၊ ယောနိသော မနသိဖြစ် ပေတယ်။

၄။ အယောနိသော မနသိ အကျိုးပေးရယ်၊ အဆိုးပေးတဲ့ ဖြစ်ပုံရယ်။ ။မြဲတယ်, ချမ်းသာတယ်, အနှစ်ရှိတယ် ဟုကွယ်၊ အစစ်တကယ်ကောင်းတယ် ထင်ကြတယ်။ ။

မချစ်မခင် မနှစ်သက်စရာတို့ရယ်၊ မပြစ်ရက်အောင် ဖြစ်နေတယ်။ ။အာရုံ ၅-ပါး ကာမဂုဏ်တရားဝယ်၊တဏှာဟုန် ပွားကုန်တယ်။

၅။ တဏှာတရား လိုက်စား၍ကွယ်၊ ဘဝတိုင်း မိုက်မှားတယ်။ ။တဏှာအလုပ်တွေကိုသာ တွေ့သမျှထုံ၍ကွယ်၊ နေ့ညကုန်စေတယ်။ ။မဂ်ဖိုလ်ရကြောင်း ပါရမီအစဉ်တို့ရယ်၊ မထေရ်မဲ့ပြင်ပြုကုန်တယ်။ ။အိုနာသေခြင်း အမင်းမင်းတို့ရယ်၊အပြင်းနှိပ်စက်ခံရတယ်။ ။ကမ္ဘာ့ကမ္ဘာမှာ မျှားစွာ အကျိုးမရတယ်၊ တရားဘာဝနာ တန်ခိုးမဲ့ပြ၍ ဖြစ်ပေတယ်။

၆။ အယောနိသော အကျိုးဆက်ရယ်၊ တမျိုး ထွက်ပြန်တယ်။ ။မဖြစ်သေးသော ယုံမှားတွေရယ်၊ အကုန်အား ဖြစ်ကုန်တယ်။ ။ဖြစ်ပြီးသော နှလုံး နှစ်ခုတို့ရယ်၊ အဆုံးအစမရှိတိုးပွားကုန်တယ်။ ။သောတာပန်မဖြစ်နိုင်တဲ့ အကြောင်း အချက်တို့ရယ်၊ ၎င်းအတွက်ဖြစ်ပေတယ်။

၇။ မဖြစ်သေးသော အကုသိုလ်တရားတွေရယ်၊ ဖြစ်ကြရခြင်းအသွယ်သွယ်။ ။ဖြစ်ပြီးသောကုသိုလ်တရားတွေရယ်၊ ဆုတ်ယုတ်နေပုံ အသွယ်သွယ်။ ။ဘဝသံသရာမှာ အောက်ကျ နောက်ကျ ဖြစ်ရတယ်၊ ကမောက်ကမ အသွယ်သွယ်။ ။အယောနိသော မနသိ အကြောင်းမို့တယ်၊ မကောင်းသည် မှန်လှတယ်။

ရတနာသိရီ ၁၇-၁၁

၈။ ယောနိသော မနသိ အကျိုးဆက်ရယ်၊ တန်ခိုးထက်လှတယ်။ ။မဖြစ်သေးသော ကာမစ္ဆန္ဒရယ်၊ ပြာဖြစ်ပြန်ကြတယ်။ ။ဖြစ်ပြီးသော ကာမစ္ဆန္ဒရယ်၊ ဘာဝနာဖြစ်၍ ပယ်လှန်တယ်။ ။သံသရာဝဋ္ဋတုံး ဆင်းရဲဆုံးတယ်၊ စာရင်းရှုံးဇာတ် ပိတ်နိုင်တယ်။

၉။ ယောနိသောမနသိ အကျိုးတရားရယ်၊ တန်ခိုး များလှတယ်။ ။မဖြစ်သေးသော ကုသိုလ်တရားရယ်၊ ဥဒဟိုပွားနိုင်တယ်။ ။ဖြစ်ပြီးသော အကုသိုလ် အယုတ်တရားတို့ရယ်၊ သူ့အလိုလို ဆုတ်ယုတ်သွားကုန်တယ်။ ။အကျိုးကြီးပုံ သဘောတရားတို့ရယ်၊ ဟောကြားမကုန်နိုင်တယ်။

၁၀။ လေးသင်္ချေ ကမ္ဘာတသိန်း ရှာမှီးရတယ်၊ သာသနာတော်ကြီးရယ်။ ။ကွယ်ပျောက်ခြင်းရယ်၊ တည်တန့်ခြင်းရယ်၊ နှစ်မျိုးရှိပေတယ်။ ။အဘယ်အကြောင်းကြောင့် ကွယ်ပျောက်လိမ့်မယ်၊ စဉ်းစားကြရမယ်။ ။အယောနိသော မနသိကြောင့် ကွယ်ပျောက်သွားတယ်။ တကယ်ကြောက်သင့်တယ်။

၁၁။ လေးသင်္ချေ ကမ္ဘာတသိန်း ရှာမှီးရတယ်၊ သာသနာတော်ကြီးရယ်။ ။ကွယ်ပျောက်ခြင်းရယ်၊ တည်တန့်ခြင်းရယ်၊ နှစ်မျိုးရှိပေတယ်။ ။အဘယ် အကြောင်းကြောင့်တည်တန့်လိမ့်မယ်၊ သိဘို့ကောင်းလှတယ်။ ။ယောနိသော မနသိကြောင့် အစစ်ဓမ္မေတို့ရယ်၊ နှစ်ရှေတည်လိမ့်မယ်။

၁၂။ ခွေးတောက် တမာခါးတဲ့ အရသာတို့ရယ်၊ မျိုးစေ့ အကြောင်းရင်း ရှိပေတယ်။ ။မဂ်ဖိုလ် နိဗ္ဗာန်ရကြောင်း မှန်တယ်၊ ကုသိုလ်ဟူသမျှရယ်။ ။မဖြစ်ကြတယ်၊ မတိုးတက်တယ်၊ အဆိုးဖက်သွားပုံရယ်။ ။အယောနိသော မနသိ အကြောင်းမို့တယ်၊ မကောင်းသည် မှန်လှတယ်။

၁၃။ သရက်၊ မာလကာ၊ ကောင်းတဲ့ အရသာတို့ရယ်၊ မျိုးစေ့ အကြောင်းရင်း ရှိပေတယ်။ ။မဂ်ဖိုလ်နိဗ္ဗာန် ကေန်ရနိုင်တယ်၊ ကုသိုလ်ဟူသမျှရယ်။ ။ယောနိသော မနသိ အကြောင်းရင်းမို့တယ်၊ ကောင်းသည်မှန်လှတယ်။

၁၄။ မဟာဗောဓိ ဆိုတာရယ်၊ သာသနာ အထွဋ်တင်မဲ့ ဝိပဿနာကွယ်။ ။ကျောင်းဦးပြဿာဒ် ထုပိကာသို့နှယ်၊ သုခိတာ ပြည့်စုံတယ်။ ။နိဗ္ဗာန် ထွဋ်ထိး အလှန်နီးတယ်၊ တသွန်သွန် မငြီးနိုင်တယ်။ ။ယောနိသော မနသိ အကျိုးဆက်ရယ်၊ တန်ခိုးထက်လှတယ်။

(ယောနိသော မနသိကာရသော ဘိက္ခဝေ ဘိက္ခု နော သတ္တဗောဇ္ဈင်္ဂေ ဘာဝေဿတိ။ ။အင်္ဂုတ္တရပါဠိတော်)။

၁၅။ ရုပ်နာမ်သိရန် အလုပ်တရားဝယ်၊ အဟုတ်အားဖြင့် အားထုတ်သူရယ်။ ။သစ္စာ ၄-တန်ကေန်သိရင်ကွယ်၊ မောဟ အိပ်ခြင်းမှ နိုးပြီကွယ်။ ။တရားသဘော အစုအပုံတို့ရယ်၊ သူ့အာရုံနှင့်သူပေါ်ကုန်တယ်၊ ။မဂ်ဖိုလ်နိဗ္ဗာန် အထွဋ်မြင်လျှင်ကွယ်၊ ဗောဇ္ဈင်ခေါ်ပေတယ်။

၁၆။ ရုပ်နာမ်တရား သာမန်သိရယ်၊ အဖန်ဖန်သိတဲ့ သဘောရယ်။ ။အထူးသိရယ် ကောင်းစွာသိရယ်၊ သစ္စာဉာဏ်နှင့်သိခြင်းရယ်။ ။အသိကိုပင် ဗောဇ္ဈင်ခေါ်တယ်၊ နိဗ္ဗာန် အထွဋ်မြင်နိုင်တယ်။ ။သိလျှင်ပယ်တယ်၊ အတွယ်ကင်းတယ်၊ တကယ်ရှင်းနိုင်တဲ့ အရှုပ်ဇာတ်ရယ်။

## သစ္စာ (၄) ပါး

ဆင်းရဲသောသူ ရှာမတွေ့၊ ဒုက္ခသစ္စာတွေ့။
သာယာသောသူ ရှာမတွေ့၊ သမုဒယသစ္စာတွေ့။
ငြိမ်းအေးသောသူ ရှာမတွေ့၊ နိရောဓသစ္စာတွေ့။
နိဗ္ဗာန်မြင်သူ ရှာမရ၊ မဂ္ဂသစ္စာတွေ့။ ။
သစ္စာဆိုဒါ အမှန်တရားပေ၊ ဉာဏ်အားဖြင့် ရှုကြလေ။
ဆင်းရဲဒါ ဘယ်သူလဲ၊ ဒုက္ခရုပ်နာမ်ဘဲ။
သာယာဒါ ဘယ်သူလဲ၊ သမုဒယတဏှာဘဲ။
ငြိမ်းအေးဒါ ဘယ်သူလဲ၊ နိရောဓနိဗ္ဗာန်ဘဲ။
နိဗ္ဗာန်မြင်ဒါ ဘယ်သူလဲ၊ မဂ္ဂမဂ္ဂင်ဘဲ။ ။
သမုဒယသစ္စာက ရုပ်နာမ် ၂-ပါးချစ်ထာ။
ဒုက္ခသစ္စာဆိုဒါက တကယ်ထွေးလို့အံ့စရာ။
မဂ္ဂသစ္စာဆိုဒါက အပူမီးငြိမ်းကြောင်းပါ။
နိရောဓသစ္စာ အေးငြိမ်းချမ်းသာတာ။
လေးသစ္စာ တွေး၍သိကြပါ။

# ဝိပဿနာ ဟောခဥ် (၁၃)

၁။ ဘုရားသာသနာ တွေ့ပါလျက်နဲ့ရယ်၊ တွေ့ကျိုးနပ်အောင်
လုပ်ရမယ်။ ။သာသနာဆိုဒါ–ဘာကိုခေါ်တယ်၊ ဒါကို
စဥ်းစားရမယ်။ ။သာသနာဆိုဒါ အသုံး ချဘို့ရယ်၊
ဆုံးမခြင်းဖြစ်ပေတယ်။ ။ဘုရားဟောထား အမြွတ်
တရားတို့ရယ်၊ မှတ်သားပါတော့ သာသနာကွယ်။

၂။ အသုံးချဘို့ ဆုံးမတဲ့တရားရယ်၊ နှလုံးဟဒယထဲမှာထားရ
မယ်။ ။ငါစွဲမပြုတ်ဘဲ အဟုတ်ထင်နေရင်ကွယ်၊ အလုပ်
အစဥ်လာဦးမယ်။ ။ငါ အစွဲပြုတ်မှ အပါယ်ထဲ မမြုပ်
မယ်၊ ဘာဝနာ အလုပ်ခွင်မြဲရမယ်။ ။ငါအစွဲမပြုတ်လျှင်
အရှုံးကြီးရှုံးမယ်၊ အဆုံးကြီးဆုံးရပါလိမ့်မယ်။

၃။ စား,အိပ်,ဝတ်ရုံ, ပျော်ရွှင်ရုံကလေးနှင့်ရယ်၊ သာသနာ
ကြုံကျိုးမနပ်ပေတယ်။ ။ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာအကြွင်းမဲ့
ပြုတ်မှရယ်၊ စာရင်းဖြုတ်ရမယ်။ ။လောကီအာရုံ
ကာမဂုဏ် သုခရယ်။ ပြာပုံနှင့်တူလှတယ်။ ။ပြာပုံကို
သာ တကယ်အားထားနေရင်ကွယ်၊ အပါယ်တံခါးပိတ်
ရန် ခဲယဥ်းတယ်။

၄။ အဝတ်များကို ဖြူစင်ဘို့ရယ်၊ လူတွင်ဖွတ်ကြ လျှော်ကြ
တယ်။ ။စိတ်ညစ်တာကိုဖြူစင်ဘို့ရယ်၊ လူတွင်မလုပ်ကြ
တယ်။ ။စိတ်ညစ်သမျှ မစင်ကြယ်ရင်ကွယ်၊ အသင်တ

ကယ်ခံရလိမ့်မယ်။ ။ကပ္ပါအသင်္ချေ သံသရာတွေဝယ်၊ ခန္ဓာတွေဒုက္ခအနန္တကွယ်။

၅။ လူ့အဖြစ်လဲကြုံတယ်၊ သာသနာလဲကြုံတယ်၊ အကျင့်မြတ်လဲ ကြုံနေတယ်။ ။တရားနာခေတ်လဲ ကြုံတယ်၊ သဒ္ဓါတရားလဲ ကြုံတယ် အခါခါမမှားဘို့စုံနေတယ်။ ။ ခေတ်ကောင်းကြီးတွေ ဆုံလို့မှ၊ စံနစ်ဟောင်းကြီးတွေ မကုန်ရင်ကွယ်၊ ဘုံအစဉ်မြောဦးမယ်။ ။စိတ်ညစ်စိတ်မိုက်ဖြူစင်လို့ရယ်၊ လူတွင်ကြုံနေတယ်။

၆။ ညစ်တယ် မိုက်တယ်ဆိုဒါ အလွယ်ကလေးရယ်၊ ဘယ်ကိုမှ မပြေးရတယ်။ ။တိရစ္ဆာန်ခွေးပင် အမိုက်မသင်ရတယ်၊စရိုက်အစဉ်ဖြစ်ပုံရယ်။ ။လိမ္မာရန်ဆိုဒါ အဟုတ်ခက်တယ်၊ ဗုဒ္ဓစက်နှင့် ကြည့်စမ်းကွယ်။ ။ဒု, သ, န, သော,သူဌေးသားတို့ရယ်၊ ရှေးဘုရားတို့ခေတ်က ဖြစ်ပုံရယ်။

၇။ စိတ်အညစ်ကိုဖြူစင်ဘို့ရယ်၊ လူတွင်ရှိပါတယ်။ ။ရေနွေးအိုးနှင့် မပွုတ်ရတယ်၊အလုပ်ကလဲရှင်းပေတယ်။ ။အာ႒မာဒခေါ် အမြတ်တရားကိုရယ်၊ ထပ်မနား ပွားရတယ်။ ။စိတ်ဆိုဒါ အပြေးသန်၍ တရားဖြစ်ဘယ်၊ နွေးကန်အောင်ထိန်းမှ ဖြူစင်တယ်။ ။

၈။ ဘဝတိုင်းဘဝ ဆင်းရဲလုတယ်၊ စာရင်းကလဲ မပြနိုင်တယ်။ ။ဆင်းရဲအစုံစုံဝဲလယ်လို့ရယ်၊ ငရဲအပါယ်ဘုံထဲဝယ်။ ။ဆင်းရဲခြင်း အကွက်လယ်ဘို့ရယ်၊ လက်သယ်

ရှာစမ်းကွယ်။ ။ခန္ဓာထဲမှ ကိန်းနေတဲ့ စိတ်ရယ်၊ ငြိမ်းအောင်ထိန်းမှ ရလိမ့်မယ်။

၉။ ချမ်းသာစစ်ကိုတကယ် လိုချင်ရင်ကွယ်၊ ချမ်းသာတုကို စွန့်ရမယ်။ ။ချမ်းသာဆိုဒါ ဒုက္ခနှင့် အရင်းမစိုက်ရင်ကွယ်၊ အဟုတ်ပ စာရင်း မကိုက်ပေတယ်။ ။ဝိပဿနာ ရှုတယ်ဆိုဒါ ဒုက္ခနှင့် အရင်းစိုက်ခြင်းဖြစ်တယ်၊အဟုတ်ပ စာရင်းကိုက်ပေဘယ်။ ။နိဗ္ဗာန်ချမ်းသာဆိုဒါ ဝိပဿနာနှင့် ရင်းရတယ်၊ အသိပညာနှင့် အလင်းရပေတယ်။ ။ (နခေါ သုခေန သုခံ အဓိဂန္တဗ္ဗံ၊ ဒုက္ခေန ခေါ သုခံ အဓိဂန္တဗ္ဗံ။ ။)

၁၀။ ပါးစပ်ပြောနဲ့ အရပ်သဘောတွေရယ်၊ အမြတ်သဘော မထင်နဲ့ကွယ်။ ။ကိုယ်တိုင်ကျင့်မှ ကိုယ်ပိုင်မြင့်လာမယ်၊ အလိုလို ခိုင်မာလာလိမ့်မယ်။ ။သရုပ် ဝိပဿနာရယ်၊ အလုပ်ဝိပဿနာရယ် အဟုတ်ကို ချိန်ကိုက်ရမယ်။ ။ ဝိပဿနာအစစ် တကယ်မဖြစ်ရင်ကွယ်၊ အပါယ်နစ်ရန် ကျန်သေးတယ်။

၁၁။ ပါရမီအား ဝိပဿနာအားရယ်၊ ယတိပြတ် ထားခါ ကျင့်ရမယ်။ ။ပါရမီအားကောင်းသူရယ်၊ ဝိပဿနာ အားကောင်းနိုင်တယ်။ ။ပါရမီ အားမကောင်းသူရယ်၊ ဝိပဿနာအလုပ်ခွင် မဝင်နိုင်တယ်။ ။ဝိပဿနာ အား ကောင်းမှ နိဗ္ဗာန်သွားမယ်၊ စိတ်သန်သန် ထား၍ လုပ်ကြရမယ်။

၁၂။ ပါရမီအားကောင်း၍ ဝိပဿနာခွင် မဝင်သူရယ်၊ အစဉ် ရှုံးတော့မယ်။ ။မဟာဓနသူဌေးသားလင်မယားရယ်၊ တွေးဆ ဆင်ခြင်ထားရမယ်။ ။ပါရမီအားကောင်းပါ လျက် အသုံးမချတဲ့အတွက်ရယ်၊ အရှုံးထွက်သွားတယ်။ သို့ပါသောကြောင့် ဝိပဿနာအားရယ်၊ သတိမှတ်ခါ ပွားရမယ်။

၁၃။ ဝိပဿနာ အားကောင်းပါလျက်ရယ်၊ ပါရမီအားနဲ့သူ ရယ်။ ။မဂ်ဖိုလ်လက်ကိုင် အဟုတ် မရသေးရင်ကွယ်၊ ဒုက္ခစက် လယ်ဦးမယ်။ ။ဗာဟိယဒါရုစိကုမာရ ကဿပ တို့ရယ်၊ ခုအခါ မှတ်၍ကြည့်ရမယ်။ ။နှစ်အားပြည့်မှ ဘုရားတပည့် ဖြစ်မယ်၊ တရား၏ အမွေခံမှန်တော့တယ်။

## လူလယ်လုပ်နေတယ်

ပုဂ္ဂိုလ် သတ္တဝါ မဟုတ်ပဲနဲ့၊ အလယ်လုပ်နေတယ်။ ရုပ်နာမ်ကို တကယ်မသိတော့ အပါယ်ရှိနေတယ်။ ။ ရုပ်နာမ်ကို အခြေမရှင်းတော့၊ သေမင်းလာမယ်။ ။ ဝိပဿနာ ဘာဝနာသွင်းမှ အိုခြင်း–သေခြင်း–နာခြင်း– မလာနိုင်တယ်။

မြင်ရာမှာ ဉာဏ်မတဲ့လို့၊ သဏ္ဌာန်စွဲ ငါသူ၊ ။ (အဆင်း)ကို မြင်ပါလျက်နဲ့ တောက်တီး တောက်တက် ယူ၊ ရေပြင်မှာ ဒုတ်ကလေးနဲ့၊ အရုပ်ရေးတဲ့သူ။ ။ရေး သူ့ရဲ့ သူ့စိတ်တွေး စိတ်ရေးရုပ်နှင့်တူ။

# ဝိပဿနာ ဟောခဉ် (၁၄)

၁။ ဘဝသံသရာ ကမ္ဘာဝယ်၊ အခါခါ ကျင်လည်ခဲ့တယ်။ ။ နေ့မအား ညမအား အပြေးတွက်လို့ရယ်၊ အေးကွက် ရှာခဲ့တယ်။ ။ဘယ်လိုရှာလဲ မရပါတယ်၊ အရှာမှား နေတယ်။ ။သာသနာအမြတ်တွင် အရှာတတ်ရမယ်၊ ဘာဝနာကပ်မှ အေးလိမ့်မယ်။

၂။ ယခု ဘဝထက် မြတ်တဲ့ဘဝရယ်၊ အထပ်ထပ် ရှာစမ်း ကွယ်။ ။တသံသရာလုံး ရှာလျှင် ရှုံးတယ်၊ ကမ္ဘာ ရေမြေ ဆုံးအောင်ကွယ်။ ။ရတနာသုံး ကမ္ဘာတခု လုံးဝယ်၊ အသာဆုံး ရှိနေတယ်။ ။သာသနာကြို ရတနာပုံ တိုက်နေတယ်၊ ဘာကိုလိုက်၍ တောင်းကြ သလဲကွယ်။

၃။ ငါသေလျှင် ဘယ်သွားမလို့ရယ်၊ တကယ် အားဖြင့် စဉ်းစားကြတဲ့ သူတွေရယ်။ ။အအေးဆုံး အမြတ်ဆုံး အလုပ်လုပ်ရင်ကွယ်၊ အဟုတ်ကို မပူရတယ်။ ။ဒုက္ခ အမျိုးမျိုး တကယ်ပြုတ်တယ်၊ ဘယ်အရှုပ်မှလဲ မရှုပ်နိုင် တယ်။

၄။ ရုပ်နာမ် ဟုတ်မှန် တကယ်သိသူရယ်၊ ဘယ်ထိအောင် ကျေးဇူးဆောင်ပုံရယ်။ ။ရတနာသုံးတန် အစစ်အမှန် ရယ်၊ အသစ်ဉာဏ်နှင့် မြင်ရတယ်။ ။ပြုလိုက် သမျှ ပုညကိရိယာတရားတို့ရယ်၊ အစုံပတည်၍ ခိုင်မြဲမယ်၊ ။

ရတနာသီရိ ၁၇-၁၂

မဂ်ဖိုလ်အခြေ တကယ်ရောက်မယ်၊ အပါယ်ပျောက်တဲ့ အသိဉာဏ်ကွယ်။

၅။ ရုပ်နာမ် ဟုတ်မှန် တကယ် မြင်ရင်ကွယ်၊ အပါယ်တွင် မဆင်းနိုင်တယ်။ ။ဗြဟ္မစရိယကိစ္စ အပြီးတိုင်တယ်၊ ခရီးပိုင်ပေတယ်။ ။ဘယ်သီလရယ်၊ ဘယ်သမာဓိရယ်၊ ဘယ်ပညာ ရှိသေးတယ်။ ။ပြုဘွယ် ကြောင့်ကြ မရှိ တော့တယ်၊ အဓိပတိ ဖြစ်နေတယ်။

၆။ ရုပ်ဓမ္မများ ၂၈-ပါးဝယ်၊ လေးပါးခွတ်ကြီးရယ်။ ။ နာမ်ဓမ္မများ အစားစားဝယ်၊ ဝိညာဉ် ၆-ပါးရယ်။ ။ ပိုင်ပိုင်နိုင်နိုင် သဘာဝ သိလျှင်ကွယ်၊ ဉာတ ပရိညာ ပြီးနိုင်တယ်။ ။ဖြစ်ပျက် သဘာဝ အထူး သတိပေါက် လျှင်ကွယ်၊ ကူးမြောက်နိုင်တဲ့ နိဗ္ဗာန်နယ်။

၇။ ဓမ္မမျက်စိ မလင်းကြတယ်၊ အန္ဓ ပုထုဇဉ်တွေရယ်။ ။ လောကကြီးဝယ် အနှစ်သာရ ဖြစ်နေတယ်၊ အပြစ် အနာအဆာ မရှိပေတယ်။ ။ဓမ္မစက္ခု ရသူတွေရယ်၊ ပုထုဇဉ် ကလျာဏတွေဝယ်။ ။လောကကြီးဝယ်၊ အနှစ် ကင်းတယ်၊ အပြစ်တွေ ဝင်းနေတယ်။

၈။ သို့ပါသောကြောင့် ဝိပဿနာအလုပ်ရယ်၊ သတိမှတ်ခါ ပြုလုပ်ရမယ်။ ။ခန္ဓာထဲတွင် အဟုတ်အမှန် အသစ် ဆက်နေပုံရယ်၊ ရုပ်နာမ် ဖြစ်ပျက် သဘာဝကွယ်။ ။ တကယ်မြင်လျှင် ယထာဘူတဉာဏ် ဖြစ်တယ်၊ ဓမ္မ သဘာဝ စစ်ပေတယ်။

၉။ ငြိုးငွေ့ မုန်းလာတဲ့ အသိဉာဏ်ရယ်၊ နိဗ္ဗိန္ဒာဉာဏ် ဖြစ်ပေတယ်။ ။အမုန်းခေတ်ကို အဆုံးသတ်ရင်ကွယ်၊ ပြုံးလာနိုင်တဲ့ မဂ်ဉာဏ်ကွယ်။ ။ဟုတ်ပမလား ဝိစိကိစ္ဆာ တရားရယ်၊ အသိစိတ်ခါ ပယ်လာတယ်။ ။ကိုယ့်အညွန့်ကိုသာ ဘာလုပ်ချိုးချင်တယ်၊ ဘာဝနာအလုပ်ရဲ့ တန်ခိုးကို သိရမယ်။

၁၀။ ပစ္စည်းမဲ့လူတန်းစားသေပုံရယ်၊ သူဌေးသူကြွယ်တို့သေပုံရယ်။ ။သေပုံတွေဟာ ၂–နည်း ရှိတယ်၊ အပြီးသိရမယ်။ ။ဝိပဿနာဉာဏ် မရတဲ့ သေပုံရယ်၊ လူဆင်းရဲသေနည်းဖြစ်ပေတယ်။ ။နှစ်ဘဝလုံး အကျိုးနဲတယ်၊ အဆိုးပဲ တွေ့ရမယ်။

၁၁။ ဝိပဿနာ ဉာဏ်ရပြီးသေသူရယ်၊ သူဌေးသေနည်းဖြစ်ပေတယ်။ ။လောကသံသရာ အကျိုးပြီးတယ်၊ တန်ခိုးလဲ ကြီးလိမ့်မယ်။ ။အနေကောင်း အသေကောင်း အခြေပြောင်းရမယ်၊ အမေကောင်း အဖေကောင်း စုံသည့်နှယ်။ ။ဒုတိယဘဝတွင် အထက် ထိုထိုတရားတို့ရယ်၊ မဂ်ဖိုလ်အဆင့် ရနိုင်တယ်။

၁၂။ မသာလောင်းတွေ အဆက်ဆက် မြင်သူရယ်၊ အစဉ့်မုန်းလာတယ်။ ။တလောင်းပြီး တလောင်း ဆက်ခါမြင်ရ၍ကွယ်၊ မသက်မသာ မုန်းလာတယ်။ ။ရုပ်နာမ်ဖြစ်ပျက် အပြီးတွေ့သူရယ်၊ ငြိုးငွေ့ ရှိမုန်းလာပေတယ်။

၁၃။ ဖြစ်ပျက်အမှန် အမြင်စိတ်ရင်ကွယ်၊ တသွင်သွင်စိတ်လာတဲ့ မုန်းစိတ်တွေရယ်။ ။ခန္ဓာမုန်းမှ သံသရာမုန်းမယ်၊

ဉာဏ်မှာ ပြုံးလာတယ်။ ။မလိုချင်မှ လွတ်ချင်လာတယ်၊ အထွဋ်တင်တဲ့ ဝိပဿနာကွယ်။ ။မဖြစ်မပျက်ရာ ပြေးဝင်သွားတယ်၊ အေးအစဉ် ဖြစ်လာတဲ့ မဂ်ဉာဏ်ကွယ်။

၁၄။ ဖြစ်ပျက်ပွားလို့ ဖြစ်ပျက်မြင်ရင်ကွယ်၊ ယထာဘူတဉာဏ် ဖြစ်ပေတယ်။ ။ဖြစ်ပျက်ပွားလို့ ဖြစ်ပျက်မုန်းရင်ကွယ်၊ နိဗ္ဗိန္ဒာဉာဏ်ဖြစ်ပေတယ်။ ။ဖြစ်ပျက်ရှုလို့ ဖြစ်ပျက်ဆုံးရင်ကွယ်၊ မဂ်ဉာဏ် ဖြစ်ပေတယ်။ ။မဂ်ဉာဏ် ဆိုဒါ အအေးဆုံးကို မြင်တယ်၊ ဘေးဆုံးတာတွေ မြင်၍ ဝမ်းမြောက်တယ်။

၁၅။ ရေခဲတိုက်တွင် ရောက်ရသကဲ့သို့ကွယ်၊ အေးမြလှပေတယ်။ ။ပူစရာကို ရှာ၍မရတယ်၊ သဘာဝက အေးမြတယ်။ ။အေးချင်ပါလျှက် အပူနှား ကပ်သူတွေရယ်၊ အဆူဆူ ဘုရားမြွတ်နဲ့ လွဲကုန်တယ်။ ။လာပ ခေါ် လျှက် မသွားကြလို့ရှိရင်ကွယ်၊ ဘုရားက လျှစ်လျူ ရှုလိမ့်မယ်။

# စိန်ရောင်ခြည် စေတီတော်ဘွဲ့

စိန်ရောင်ခြည် ပုထိုးမြတ်၊တန်ခိုးလျှပ်ထိန်လျှံ။မိုးနံ့ဝရတ်တိမ်ယံမှာ၊ စိန်ပြတန် ဖြန့်မိုး။ ဓာတ်တော်မြတ် အလီလီရယ်၊ စိန်ရောင်ခြည် ဖြန့်ကြက်ခါမိုး။ ။ကြက်ရုံးပွင့်ငွေဇွန် ရေတံခွန်တောင်ရိုး၊ စွေသွန်သွန် တန်ဆောင်ဖြိုးသည်သို့၊ အရောင်မျိုးတင့်တယ်။ ။ငွေတောင်ကို နေရောင်ဟပ်ပြန်တော့၊ဝေမှောင်ဓာတ် ပျောက်လေသည့်နှယ်။ ။မြို့ရန်ကုန့် အလယ်ဗဟိုမှာ၊ တကယ်ကို ထူးလှသည့်၊ ဖူးပါကြစိန်ရောင်ခြည်၊ မြူးကွန့်လည်လည်။ ။ကြာဖြူပွင့် အလားကြည်သည်၊ ပြဒါးရည် ရွှာသွန်းသို့လေး။ ။ဘုန်းကံရှိမှ၊ ထုံးစံရှိသပ၊ပြုံးဉာဏ်နဲ့ကြည့်မှ၊ဒုံးပျံ၏ပုံပမာလို၊ ယုံစရာရှိဘူးရှင့်လေး။ ။မပြတ်ထူးတာက၊ နတ်ဖူးလာသပ၊အမြတ်အဦးသာသနာ့ ထိန်ပြောင်လည်တယ်၊စိန်ရောင်ခြည်ပေါ်ထွန်းလို့လေး။ ။အသရေလင်းမှာက၊ နေရင်းဆရာက၊ ပြည်တွင်း ဗမာ့ သာသနာရောင်ကို၊ ကမ္ဘာတောင် ဖေါက်ထွင်းဘို့လေး။ ။ဂြိုဟ်ပူးတာက၊ အလိုလိုထူးမှာပ၊ ဗဟိုအထူးသာသနာ့ ထိန်ပြောင်လည်မယ်၊စိန်ရောင်ခြည်ဘုရားတဲ့လေး။ ။တန်ခိုးထတောက်လျှင်လ၊ အဆိုးဓမ္မ ပျောက်၍ အပြစ်စင်တယ်၊ အသစ်လွှင်လွှင် ဖူးရပါလိမ့်လေး။ ။နိုင်ငံခြားကိုလ တလှိုင်လှိုင်သွား၍၊အဆိုင်ဆိုင်ဘုရား၏၊ သာသနာတည်တယ်၊ ဆရာမထေရ်ဖူးကြပါစို့လေး။ ။ပြောင်ပြောင်ဝင်းဝင်း၊အရောင်လင်းလျှက်၊ အခေါင်ချင်းတဲ့ ဘုရားသာသနာကို၊ အများတကာပြုကြပါစို့လေး။

# ရွှေတိဂုံ ဗုဒ္ဓဇယန္တီ ဓမ္မာရုံကြီးဘွဲ့

၁။ နှစ်ထောင့်ငါးရာ သာသနာဝယ်၊ ပေါ်ပေါက်လာခဲ့တယ်။ ။တခုတည်းသော ဓမ္မာရုံကြီးရယ်၊ ကမ္ဘာတုံဟီးတယ်။ ။ ကောင်းကင်က နေမင်းသဖွယ်၊ အသရေလင်းပေတယ်။ ။ တန်ဘိုးဖြတ်၍ မရနိုင်တယ်၊ ကမ္ဘာ့မဏ္ဍိုင်သဖွယ်။ ။ဆရာတော်နေရင်း ရွှေဉာဏ်တွင်းဝယ်၊ ဖန်ဆင်းလာခဲ့တယ်။

တွေးထူး ဆင်ခြင်ကာဝယ်၊ မဝေးဘူးအမြင်သာတယ်။ ။ ရှေးဦးအရှင်ဆရာရယ်၊ ကျေးဇူးတင်ပါတယ်။

၂။ သံဃာတော်ပေါင်း တသောင်းရှေ့ဝယ်၊ သမတကျေငြာတယ်။ ။ကဆုန်လပြည့် ဗုဒ္ဓနေ့ဝယ်၊ ထူးမြတ်လှပေတယ်။ ။ ဗုဒ္ဓဇယန္တီ အမည်မှည့်တယ်၊ ကမ္ဘာသိပေတယ်။ ။သာသနာ၏ မဏ္ဍိုင်ကြီးရယ်၊ ခိုင်လဲခိုင်လှတယ်။ ။ဆရာတော်နေရင်းရွှေဉာဏ် လင်းတယ်၊ သတင်းဖြာခဲ့တယ်။

တွေးထူးထင်ခြင်ကာဝယ်၊ (လ)ကျေးဇူးတင်ပါတယ်။

၃။ သီတင်းနေ့တိုင်း တရားနာတယ်၊ ဤဓမ္မာရုံကြီးဝယ်။ ။ သူတော်ကောင်းတွေ ရောက်လာကြတယ်၊ ပျားပိတုန်း ပုံသို့နှယ်။ ။ဝါတွင်းဝါပသာရောက်ကြတယ်၊ ဘယ်တော့မှမပျက်ပါတယ်။ ။ဓမ္မ အမွေခံ အစစ်ဖြစ်တယ်၊ မြတ်ဘုရားနှစ်သက်တယ်။ ။ဆရာတော်နေရင်း သူဖန်ဆင်းတယ်၊ ကမ္ဘာလင်းခဲ့တယ်။

တွေးထူးဆင်ခြင်ကာဝယ်၊ (လ)ကျေးဇူးတင်ပါတယ်။

၄။ သာသနာ တ၀က် ပေါ်ထွက်လာတယ်၊ နေမင်းပုံသို့ နှယ်။ ။သာသနာ၀င်တလျှောက်အံ့လောက်စဖွယ်၊ဘယ်တော့မှ မဖြစ်ခဲ့တယ်။ ။ဘုန်းရှင် ကံရှင် သူတော်စင်တို့ရယ်၊ အလှူတော် ပြုကြတယ်။ ။ပြဟ္မာ–သိကြား နတ်အများတို့ရယ်၊ မှတ်တမ်း တင်ကြတယ်။

တွေးထူးဆင်ခြင်ကာ၀ယ်၊(လ)ကျေးဇူးတင်ပါတယ်။

## နေရှင်းဆရာတော် ဘုန်းတော်ဘွဲ့

၁။ နေရှင်းအဓိကကျော် ဆရာတော်ရယ်၊ ပြည်တော်သာတို့ ရယ်။ ။ရွှေပြည်တိုင်းခမ်း ငြိမ်းချမ်းဘို့ရယ်၊ တိုင်းခမ်းလှည့် လည်တယ်။ ။တရားရေအေး အမြိုက်ဆေးရယ်၊ တိုက်ကျွေး ဟောပြတယ်။ ။ဗုဒ္ဓ၀င် အဟုတ်ပင် သရုပ်မြင်ဘို့ရယ်၊ ရုပ်ရှင် ပြပေတယ်။ ။လူကြီး လူငယ် အသွယ်သွယ်တို့ရယ်၊ အပါယ် ကင်းဘို့ရယ်။ ။ဗုဒ္ဓ၀ါဒ အစစ်အမှန်တို့ရယ်၊ လှစ်ပြန်ဟော ပြတယ်။

(ကျန်း....စေ၊ ချမ်း....စေ၊ ၀မ်း....စေ၊ လန်း....ဝေ။)

၂။ နေရှင်းထေရ်ကျော် မြတ်ဘုန်းမော်ရယ်၊ သာသနာ တော်လင်းဘို့ရယ်။ ။ရုပ်နာမ် ဒုက္ခံ ဟုတ်မှန်သမျှရယ်၊ထုတ်ပြန် ပြပေတယ်။ ။တရားသဘော ဘုရားဟော အစစ်တို့ရယ်၊ အများဟောပြပေတယ်။ ။ဗုဒ္ဓ၀ါဒ သာရအစစ်တို့ရယ်၊ ကမ္ဘာ ချစ်အောင်လင်းပေတယ်။

(ကျန်း....စေ၊ ချမ်း....စေ၊ ၀မ်း....စေ၊ လန်း....ဝေ။)

၃။ နေရင်းထေရ်ကျော် ပုဂ္ဂိုလ်မော်ရယ်၊ ထုတ်ဘော်ဟော ပြတယ်။ ။ပိဋကတ် ၃–သွယ် နိကာယ် ၅–ရယ်၊ သိဘွယ်များ လှတယ်။ ။အင်္ဂါ ၉–တန် ဓမ္မက္ခန်တရားရယ်၊ အမှန်များလှ တယ်။ ။ပါဠိတော်မြွတ် အရပ်ရပ်ရယ်၊ မှတ်ဘွယ်သားဘွယ် ထုတ်ပြတယ်၊ ဝိပဿနာမှန်တဲ့ သုတ္တန်များရယ်၊ ထုတ်ပြန်ပြပေ တယ်၊ လောကုတ္တရာအစစ်တရားအနှစ်တို့ရယ်၊ ဘုရားချစ်အောင် ဟောပြတယ်။

(ကျန်း....စေ၊ ချမ်း....စေ၊ ဝမ်း....စေ၊ လန်း....စေ။)

နေရင်းဆရာတော်ဘုရား၏

ဒုလ္လဘကာထာ ဒေသနာ အမည်ရှိသော

ဝိပဿနာဟောစဉ်ကျမ်း

ပထမတွဲ

ဤတွင် ပြီးဆုံးပါပြီ။